# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ – ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်　　၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ အင်္ဂါနေ့　　အတွဲ (၅၉)၊ အမှတ် (၁၀၆)




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ကယားပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် အထူးအလေးထား

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ကြီးကြပ်လမ်းညွှန်မှု ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကယားပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် သတ်မှတ်ထားသော စံ(၅)ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှု ရှိရမည်၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာရဝတီ ပွဲတော်ကွင်းတွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ မြန်မာ့အသံရေဒီယိုအစီအစဉ်၊ Myanmar State Counsellor Office Facebook Page၊ NRPC Facebook Page၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် ယင်းနေ့ နံနက် ၈ နာရီခွဲအချိန်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

# နိုင်ငံတော်၏ပုံရိပ်ကို ထုဆစ်ခြင်း

နိုင်ငံတည်ဆောက်ရေးဟုဆိုလျှင် လမ်း၊ တံတား၊ လျှပ်စစ်မီးတိုင်၊ သောက်သုံးရေ ပေးပို့စနစ်၊ ရေဆိုးနှင့် မိလ္လာစွန့်ပစ်စနစ်၊ အမှိုက်စွန့်စနစ် စသည့်အခြေခံအဆောက်အအုံများ၊ လူနေတိုက်တာ အိမ်ခြေများ၊ စက်ရုံအလုပ်ရုံကြီးများ၊ ကျောင်း တက္ကသိုလ်၊ လွှတ်တော်၊ ဟိုတယ်၊ ဆေးရုံ၊ အစိုးရ/ပုဂ္ဂလိကရုံးကြီးများ အစရှိသည့် ရုပ်ပိုင်းဆိုင်ရာများသာမက ဒြပ်မဲ့ဖြစ်သော နိုင်ငံတော်၏ ပုံရိပ်၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ပြည်သူလူထု၏ ကျေနပ်ပျော်ရွှင်မှု အစရှိသည်တို့ ပါဝင်၏။

ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းများရေးဆွဲပြင်ဆင်သည်ဆိုလျှင် ဘယ်လိုနိုင်ငံမျိုးတည်ဆောက်မလဲဟူသည့် မဟာဗျူဟာနှင့် မှန်းဆချက်တို့ကို ဦးစွာချမှတ်ရလေသည်။ မည်သည့်ပုံရိပ်က ဦးစားပေးလဲ၊ မည်သည့် ရုပ်ဒြပ်က အရင်စရမလဲ၊ မည်သည်တို့ကို ကန့်သတ်မလဲ၊ မိမိနိုင်ငံတော်ကို မည်သို့မည်ပုံ ဖြစ်စေချင်သလဲ၊ မည်သို့မည်ပုံ မြင်ချင်သလဲ ဟူသည်တို့က အခြေခံဖြစ်ပါသည်။

ထိုရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ဘယ်သူတွေက စီမံကိန်းများရေးဆွဲမလဲ၊ ဘယ်သူတွေက မူဝါဒချမှတ်မလဲ၊ ဘယ်သူတွေက ဘယ်လိုဆုံးဖြတ် အကောင်အထည်ဖော်မလဲဟူသည့် အစီအမံများ လိုအပ်ပါသည်။

ထိုသို့ လုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ အဓိက ဦးဆောင်အကောင်အထည်ဖော်ရမည့်သူများက အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူ နိုင်ငံရေးခေါင်းဆောင်များဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချနိုင်သည့် တာဝန်ယူထားသူများဟု ယေဘုယျအားဖြင့် ဆိုရပါမည်။

ထိုလုပ်ပိုင်ခွင့်ရထားသည့် ခေါင်းဆောင်တို့သည် ပြည်သူလူထုအများစုက ရွေးချယ်တာဝန်ပေးသည့် ပြည်သူ့ကိုယ်စားပြု ခေါင်းဆောင်မျိုးရှိသလို မိမိဘာသာအင်အားသုံး စိုးမိုးအုပ်ချုပ်နေသည့် အာဏာရှင်ခေါင်းဆောင်မျိုးလည်း ရှိ၏။

အာဏာရှင်တို့သည် မိမိထင်ရာမြင်ရာ သင့်ရာတော်ရာတို့ကို ကိုယ့်သဘောကျ ဦးတည်ချက်ထားပြီး ပန်းတိုင်ကို သတ်မှတ်၏။ ပြည်သူ့ကိုယ်စားပြုခေါင်းဆောင်တို့က ပြည်သူလူထု၏ သဘောဆန္ဒနှင့် ညှိနှိုင်း၍ နိုင်ငံ၏ပုံရိပ်ကို တည်ဆောက်၏။ အာဏာရှင်စနစ်တွင် နိုင်ငံ၏ပုံရိပ်တည်ဆောက်ရေးဟူသည် အာဏာရှင်တို့ပေါ်တွင် လုံးလုံးလျားလျားမူတည်နေ၏။ ပြည်သူကိုယ်စားပြုစနစ် တစ်နည်းဆိုရလျှင် ဒီမိုကရေစီစနစ်တွင်မူ နိုင်ငံသားတို့ပေါ်တွင် များစွာမူတည်နေ၏။

အာဏာရှင်တို့ဦးဆောင်သည့်အခါ အများအားဖြင့် ငါတကောကောလုပ်ခြင်းဖြင့် တိုင်းပြည်ပျက်ရ၊ ဆုံးရှုံးမှုများစွာဖြင့် ပြည်သူလူထု ဒုက္ခရောက်ကြရလေ့ရှိသည်။ အချို့သော အာဏာရှင်တို့ နိုင်ငံအကျိုးကို ရှေးရှုသည့်အယူအဆ အတွေးအမြင်ဖြင့် ဦးဆောင်သည့်အခါတွင် တိုင်းပြည်တိုးတက်ရေးအတွက် အင်အားရှိသလောက် စိတ်တိုင်းကျ ရဲရဲလုပ်ကိုင်ရင်း စိတ်ရှိသလောက်တွန်းနိုင်ခြင်းဖြင့် ဖြစ်ထွန်းအောင်မြင်ခဲ့သည်တို့လည်း နိုင်ငံတကာသမိုင်းတွင် ရှိပါ၏။ သို့သော်လည်း အာဏာရှင်ဟူသည် မိမိသဘောသက်သက်ဖြင့် ငါတကောကောလုပ်ခွင့်ရလာသည့်အခါ ကိုယ်ကျိုးစီးပွားရှာလာနိုင်ခွင့်၊ အမှားအယွင်းကြီးမှားယွင်းနိုင်ခွင့်တို့နှင့်အတူ အခွင့်ထူးခံမှုတို့က တားဆီးမရအောင်ကြီးထွားလာလေ့ ရှိသည်သာပဲဖြစ်၏။

ထို့ပြင် အာဏာရှင်တို့သည် အာဏာကို ရာသက်ပန်ပိုင်စိုးရန် ကြိုးစား၏။ သို့မဟုတ် သားစဉ်မြေးဆက်ဖြစ်စေ၊ မိမိတို့ ချုပ်ကိုင်ထိန်းကွပ်နိုင်သူ လက်အောက်ခံတို့ကိုဖြစ်စေ အာဏာကို အမွေပေးသလို လက်ပြောင်းလက်လွှဲပေးအပ်ကြ၏။ ဒီမိုကရေစီစနစ်တွင်မူ လုပ်ပိုင်ခွင့်အာဏာရရှိမှုဟူသည် ပြည်သူလူထု ထောက်ခံအားပေးသည့် ကာလတစ်ခုအတွက်သာ ဖြစ်ပေသည်။

ထို့ပြင် ဒီမိုကရေစီစနစ်တွင် ခေါင်းဆောင်တို့သည် မည်မျှပင်မှန်ကန်သည်၊ ကောင်းမွန်သည်ဟု မိမိယုံကြည်သည်ဖြစ်စေ ပြည်သူအားလုံး၏ သဘောထားကို ခြုံငုံညှိနှိုင်းရသည့် သဘောသဘာဝရှိ၏။ ပြည်သူလူထုထဲတွင် မည်မျှပင် ထောက်ခံသူအများစုရှိသည် ဖြစ်စေ၊ ဆန့်ကျင်ဘက်အင်အားစုဆိုသည်က ရှိမြဲဖြစ်သည့်အတွက် ထိုအင်အားစုများနှင့် ညှိနှိုင်းရသည်လည်း ရှိ၏။ ထို့ကြောင့် လုံးဝတွင်ကျယ် မြန်ဆန်သော အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရေး ဟူသည်ကမူ ဖြစ်တောင့်ဖြစ်ခဲ။

ပုံမှန်အားဖြင့်ဆိုလျှင် ဖြည်းဖြည်းနှင့်မှန်မှန် အကောင်အထည်ဖော်ကြရလေ့ရှိသည်။ သို့သော်လည်း ခေါင်းဆောင်တို့၏ ကိုယ်ကျိုးရှာမှု၊ အမှားအယွင်းပြုမှုတို့ရှိလာလျှင် ဒီမိုကရေစီစနစ်တွင်သာ ပြည်သူလူထုက ထိန်းကျောင်းပေးနိုင်ခွင့်ရှိလေသည်။

အထက်တွင်ဆိုခဲ့သလို ဒီမိုကရေစီစနစ်တွင် ဘယ်လိုနိုင်ငံအဖြစ်တည်ဆောက်မည်လဲဆိုသည်ကို နိုင်ငံသားတို့ကသာ ရွေးချယ်ရမည်၊ နိုင်ငံတော်၏ပုံရိပ်ကို နိုင်ငံသားတို့ကသာ ပုံဖော်ခွင့်ရသင့်၏။ ဤသည်ပင်အခြေခံမှု ဖြစ်၏။ ထိုမှုကို အာမခံရသည်က ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်၏။ အခြေခံဥပဒေသည် ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီဖြစ်မှသာ ပြည်သူလူထုတည်ဆောက်လိုသော နိုင်ငံတော်၏ပုံရိပ် အစစ်အမှန် ဖြစ်ပေလိမ့်မည်။

ဤသည်ပင် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ပုံရိပ်သည် ပြည်သူလူထု၏ အဆုံးအဖြတ်ပေါ်တွင်သာ တည်ရှိစေသင့်သည် ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု(၄)မှုနှင့် တရားမ အထူးအယူခံမှု(၂)မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု(၄)မှုနှင့် တရားမအထူးအယူခံမှု(၂)မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၆၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၃

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက်ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

**၂၆၅၅၁ ဦး ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင် ရရှိရေးကို ဦးစားပေး ဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၃၅၉ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၅၁၉၂ ဦး စုစုပေါင်း ၂၆၅၅၁ ဦး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**၂၄၅၇၂ ဦး စေလွှတ်နိုင်**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် ရရှိမှုအနေဖြင့် မလေးရှားနိုင်ငံသို့ ၆၄၇၂ ဦး၊ စင်ကာပူနိုင်ငံသို့ ၇၆ ဦး၊ ကိုရီးယားနိုင်ငံသို့ ၅၃၆ ဦး၊ ထိုင်းနိုင်ငံသို့ ၁၆၆၉၁ ဦး၊ ဂျပန်နိုင်ငံသို့ ၆၁၉ ဦး၊ ယူအေအီးနိုင်ငံသို့ တစ်ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၁၆၃ ဦး၊ ကာတာနိုင်ငံသို့ ၁၄ ဦး စုစုပေါင်း ၂၄၅၇၂ ဦးကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မုံရွာမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရလူနာများကို အခမဲ့ခွဲစိတ်ကုသပေးမည်

မုံရွာ ဇန်နဝါရီ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရ လူနာများကို ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။**

ထိုသို့ အခမဲ့ခွဲစိတ်ကုသပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ဂျာမနီနိုင်ငံ German Inter Plast အသင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး(မုံရွာ)နှင့် မုံရွာမြို့ပရဟိတအဖွဲ့များ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး လူနာများအနေဖြင့် ဖုန်းနံပါတ် - ၀၉-၇၇၄၀၀၂၄၆၈၊ ၀၉-၄၀၀၅၅၂၈၃၃၊ ၀၉-၇၉၄၀၁၀၀၁၃ နှင့် ၀၉-၇၇၇၅၅၀၉၆၃ တို့ကို ဆက်သွယ်စာရင်းပေးသွင်းနိုင်သည့်အပြင် လူနာလက်ခံရာဌာနဖြစ်သည့် မုံရွာမြို့ရှိ သုခမ္မစာရီဗိမာန်၌လည်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အဆိုပါခွဲစိတ်မှုနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြို့နယ်များမှ တစ်မြို့နယ်လျှင် လူနာသုံးဦးမှ လူနာ ခုနစ်ဦးအထိ စုစုပေါင်း လူနာ ၁၀၀ ခန့်ကို ပြည်သူ့ဆေးရုံကြီး(မုံရွာ)၌ ဂျာမနီနိုင်ငံ German Inter Plast အသင်းမှ ဆရာဝန်အဖွဲ့သုံးဖွဲ့နှင့် မြန်မာဆရာဝန်များက ပူးပေါင်း၍ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း တာဝန်ခံဆောင်ရွက်သူ ဦးကျော်တင်က ပြောသည်။

ထို့ပြင် လူနာများ လာရောက်ကုသမှုခံယူရာတွင် အဆင်ပြေရေးအတွက် ချင်းတွင်းအားမာန်လူမှုကူညီရေးအသင်းများ ကွန်ရက်အသင်းဥက္ကဋ္ဌ ဦးငွေးဝင်းက "လူနာတွေကို မုံရွာမြို့ သုခမ္မစာရီဗိမာန်နဲ့ မြို့မသတိပဋ္ဌာန်ကျောင်းမှာ တည်းခိုနေထိုင်ရေးအတွက် စီစဉ်ထားပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့က လူနာတွေကို ဆေးရုံကို ပို့ဆောင်ကုသပေးခြင်းနဲ့ တည်းခိုတဲ့နေရာကို ပြန်လည်ပို့ဆောင်ပေးခြင်း၊ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်းမှ နေထိုင်စားသောက်ရေးကို အကုန်လုံးတာဝန်ယူပေးသွားမှာပါ" ဟု ပြောသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး၊ အဖုအကျိတ်နှင့် မီးလောင်ဒဏ်ရာရ လူနာများအား ဒုတိယအကြိမ် အခမဲ့ ခွဲစိတ်ကုသပေးခြင်းကို ဖေဖော်ဝါရီလအတွင်း ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် လုပ်ငန်းခွင်သုံး ဂျပန်ဘာသာစကား ခြောက်လသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖြစ်သော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၇၄)၊ အဆင့်မြင့်စက်ချုပ် နည်းပြသင်တန်းအမှတ်စဉ်(၃၇)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၇)နှင့် လုပ်ငန်းခွင်သုံး ဂျပန်ဘာသာစကား သင်တန်းအမှတ်စဉ်(၁) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းငွေဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(အောက်ပုံ)**

သင်တန်းများဖွင့်ပွဲ အခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ Japan Myanmar Association အတွင်းရေးမှူးနှင့် Xymax Global Partner Corporation မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဖွင့်လှစ်**

အဆိုပါ သင်တန်းများကို ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားစေရန် ခံယူချက်၊ ယုံကြည်ချက်မှန်ကန်စွာဖြင့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို သင်တန်းကာလအဖြစ် သုံးလနှင့် လုပ်ငန်းခွင်သုံး ဂျပန်ဘာသာစကား သင်တန်းကို သင်တန်းကာလအဖြစ် ခြောက်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ နယ်စပ်ဒေသနေ တိုင်းရင်းသူအမျိုးသမီးငယ်များ၏ အသက်မွေးဝမ်းကျောင်းပြုနိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဂျပန်-မြန်မာအသင်းနှင့်ပူးပေါင်း၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ **သတင်းစဉ်**





❖ *ရှေ့ဖုံးမှ*

ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်း ဖြစ်ရမည်ဆိုသည့် အချက်များနှင့်အညီ ကျင်းပပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ပြီး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ရာ မြို့နယ်များအလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံချက်၏ အပိုင်း(၁)တွင် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်း၊ အပိုင်း(၂)တွင် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ အပိုင်း(၃) တွင် ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပိုင်း(၄)တွင် အခြေခံမဲဆန္ဒရှင် စာရင်းကပ်ထား ကြေညာခြင်းဟူ၍ အပိုင်းလေးပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုကာလသည် စီမံချက်၏ အပိုင်း(၃)ဖြစ်သော ပြောင်းလဲနေသော လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင် စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေသည့် အချိန်ဖြစ်ပါကြောင်း။

**မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့်လည်း အမှားအယွင်းကင်းသော မဲဆန္ဒရှင်စာရင်းများ ရရှိစေရေးအတွက် ပြောင်းလဲနေသော မဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ သေချာစွာ စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီမံချက်၏ အပိုင်း(၄) ဖြစ်သော အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာချိန်တွင် မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုစေရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ မဲဆန္ဒရှင် အသိပေးလုပ်ငန်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့မှသာ မှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများကို ရရှိမည်ဖြစ်ပါကြောင်း။

**အများယုံကြည်လေးစား**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် အရာထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အုပ်စုသုံးအုပ်စုခွဲ၍ နေပြည်တော်တွင် ဖွင့်လှစ်ပို့ချခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို တက်ရောက်ခဲ့သည့် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အရာထမ်းများမှ သက်ဆိုင်ရာခရိုင်များအလိုက် ဆင့်ပွားသင်တန်းများကို ဆက်လက်ပို့ချရမည်ဖြစ်ပါကြောင်း၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကယားပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ညွှန်ကြားချက်များနှင့် အညီ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ရည်ရွယ်ပြီး စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အများယုံကြည်လေးစားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်သုံးဦးအတွက် ၂၀၂၀ ပြည့်နှစ် တစ်နှစ်စာ ချီးမြှင့်ငွေခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးအတွက် ချီးမြှင့်ငွေများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်၍ အလှည့်ကျ ခံစားခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် စံ(၅)ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်၍ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးကျော်ဆန်းဝင်းက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**နိဂုံးချုပ် အမှာစကားပြော**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လူတွေ့မေးမြန်းအကဲဖြတ်**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများအား ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား(၄)မျိုးခွဲခြား သတ်မှတ်ကာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) ကျင့်သုံးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားသူများအား ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ရွေးချယ်ကာ လူတွေ့မေးမြန်းအကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုပြီး အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ယခု လူတွေ့စစ်ဆေးခြင်းကို လုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ပြီးဖြစ်သည့် အမြဲနေထိုင်ခွင့်လျှောက်ထားသူ ၁၈ ဦးအား လူကိုယ်တိုင် တွေ့ဆုံမေးမြန်းအကဲဖြတ်ကာ အမြဲနေထိုင်ရန်ခွင့်ပြုသင့်၊ မပြုသင့်ကို ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကဲဖြတ် အကြံပြုဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်စဉ်။ သတင်းစဉ်

**တစ်ဦးချင်းတွေ့ဆုံ**

ထို့နောက် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးကိုယ်စား လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် ဗဟိုကော်မတီမှ စိစစ်ပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့်နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူ စုစုပေါင်း ၆၄၈ ဦးရှိသည့်အနက် ၅၉၁ ဦးအား ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။ ယနေ့တွင် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအနက် ရင်းနှီးမြှုပ်နှံသူ တစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၁၃ ဦး၊ ယင်းတို့နှင့် ဆက်စပ်သူနိုင်ငံခြားသား လေးဦး စုစုပေါင်း နိုင်ငံခြားသား ၁၈ ဦးအား လူတွေ့မေးမြန်းအကဲဖြတ် အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁/၂၀၂၀) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၁/၂၀၂၀)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပူးပေါင်းကော်မတီ အနေဖြင့် ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့ အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းလိုက်ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များအပေါ် ပြင်ဆင်သည့်ဥပဒေမူကြမ်း ရေးဆွဲရန် ဆန္ဒပြုမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ နိဒါန်းအပါအဝင် အခန်း (၁) နိုင်ငံတော်အခြေခံမူများ အခန်းမှစ၍ အခန်း(၁၅) အထွေထွေပြဋ္ဌာန်းချက်များ၊ ဇယား ၁ မှ ဇယား ၅ ထိ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးကို ပြီးစီးအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၁/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်နှင့်အညီ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP)စနစ်နှင့်အညီ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ရုံးအမှတ် ၃၆ ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် GAqP စနစ် ကျင့်သုံးခြင်းသည် နိုင်ငံခြားဈေးကွက်ရရှိရေးအတွက်သာ ရည်မှန်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းပြီး အာဟာရပြည့်ဝသည့် ငါး၊ ပုစွန် နှင့် ရေထွက်ကုန်များ စားသုံးနိုင်ရေးအတွက်ကိုပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် GAqP စနစ် ကျင့်သုံးမှသာ လက်ခံစိစစ်ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းများနှင့် အသားငါးများ စံချိန်စံညွှန်းလိုအပ်ချက်များနှင့်အညီ အာမခံနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး ငါး၊ ပုစွန်နှင့် ကဏန်းပျော့များကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိရေးအတွက် အမျိုးသားအဆင့် ဓာတ်ကြွင်းထိန်းချုပ်မှု အစီအမံကို ဥရောပသမဂ္ဂသို့ နှစ်စဉ်တင်ပြခဲ့ရာ နမူနာကောက်ယူဓာတ်ခွဲစစ်ဆေးမှုရလဒ်ကောင်းများကြောင့် ဥရောပသို့ မွေးမြူရေးငါးများ တင်ပို့ခွင့်ရရှိပြီးဖြစ်သော်လည်း တင်ပို့ခွင့်ရ ငါးမွေးကန်များတွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)စနစ်ကို အကောင်အထည်ဖော်ပြီးမှသာ ဆက်လက်တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားရေးဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့လုပ်ငန်းနယ်ပယ်အလိုက် တာဝန်ယူထားကြသူများအားလုံးသည် သက်ဆိုင်ရာဌာနများ၏ ခေါင်းဆောင်များဖြစ်သည်နှင့်အညီ ကောင်းမွန်သောတွေးခေါ်မြော်မြင်နိုင်မှုနှင့် တီထွင်ဆန်းသစ်နိုင်မှုစွမ်းအားများကို ပေါင်းစပ်ပြီး လက်ရှိအခြေအနေကို ကောင်းစွာအသုံးချ၍ ရလဒ်ကောင်းများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့၏ အသိအမြင် ဗဟုသုတနည်းပညာများကို မိမိလက်အောက်ဝန်ထမ်းများ၊ တောင်သူများ၊ လုပ်ငန်းနှင့် ဆက်စပ်သူများအား ဖြန့်ဝေပေးခြင်းလုပ်ငန်းကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နည်းပညာပြန့်ပွားရေးဝန်ထမ်းများအတွက် လိုအပ်သောအထောက်အပံ့များ ဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်း၊ မိမိဝန်ထမ်းများ လုပ်ချင်ကိုင်ချင်စိတ် သင်ယူလိုသောစိတ် တိုးတက်လိုသောစိတ်များ ပေါ်ပေါက်လာရန် စီမံဆောင်ရွက်ပေးနိုင်ကြခြင်းဖြင့် ခေါင်းဆောင်ကောင်းများအဖြစ် စွမ်းဆောင်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ငါးရိက္ခာဖူလုံရေးနှင့် စားသုံးသူများအတွက် ဘေးဥပဒ်မဖြစ်စေဘဲ အာဟာရပြည့်ဝသော ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ငါး၊ ပုစွန်မွေးမြူရေးကန်များကို ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်(GAqP) လိုက်နာဆောင်ရွက်ကြရေး စီမံဆောင်ရွက်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

သဘာဝက ဖမ်းဆီးရရှိသည့် ငါး၊ ပုစွန်များနှင့် မွေးမြူရေး ငါး၊ ပုစွန်နှင့် ကဏန်းပျော့များကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ငါး/ပုစွန် မွေးမြူရေးကေပေါင်း လေးသိန်းကျော်၊ မြစ်ချောင်း၊ အင်း၊ အိုင် ရေချို ဧရိယာစုစုပေါင်း ဧက ၅၃ ဒသမ ၃၀ သန်း အပြင် ကမ်းဦးရေတိမ်ပိုင်း စတုရန်းမီတာ နှစ်သိန်းကျော်နှင့် ပိုင်နက်ပင်လယ်ပြင် ဧရိယာစတုရန်း ကီလိုမီတာ လေးသိန်းရှစ်သောင်းကျော်ရှိသဖြင့် ရေချို/ရေငန် ငါးပုစွန်သယံဇာတများစွာရှိရာ မွေးမြူရေးကေ လေးသိန်းကျော်တွင် ဧကတစ်သောင်းနီးပါးခန့်သာ GAqP Certificate ရရှိထားသည့်အတွက် ကျန်ဧရိယာများတွင်လည်း GAqP စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။ လက်ရှိတွင် ငါးမွေးကန် ၄၉၈ ကန် (ဧကအနေဖြင့် ၉၂၅၄ ဒသမ ၇၄ ဧက) တို့၌ GAqP Certificate ရရှိမှုနှင့်အတူ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)စနစ်နှင့်အညီ ငါးပုစွန် မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**–နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# (၄၈) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

**(၄၈) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၄၈) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနမှ နှစ်စဉ်ပြုလုပ်လျက်ရှိသော ယခုညီလာခံကြီးသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများအတွက် အတွေ့အကြုံနှင့် အသိပညာများ မျှဝေရာနေရာဖြစ်ကြောင်း၊ သုတေသနရလဒ်နှင့် တွေ့ရှိသုံးသပ်ချက်များသည် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနမှ ပြုလုပ်ထားသော သုတေသနများမှ တွေ့ရှိသုံးသပ်ချက်များနှင့် အကြံပြုချက်များကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်မှုများကို ပြန်လည်ဆန်းစစ်သုံးသပ်ကြရန် လိုအပ်ကြောင်း၊ သုတေသနရလဒ်နှင့် တွေ့ရှိသုံးသပ်ချက်များကို အမှန်တကယ် အသုံးချဆောင်ရွက်မှသာ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် အောင်မြင်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနမှ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေကျပ်သန်း ၅၀၀ နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၅၀၀ ကို ခွင့်ပြုချထားပေးခဲ့ပြီး အဆိုပါ ဘဏ္ဍာငွေများကို အသုံးပြု၍ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှု၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်များ ပိုမိုတိုးတက် မြင့်မားစေရန်အတွက် လက်တွေ့အသုံးချ သုတေသနများ အပါအဝင် သုတေသနစီမံချက် ၉၅၅ ခုကို လုပ်ဆောင်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀၀၀ ကို ထပ်မံခွင့်ပြုချထားပေးခဲ့ပါကြောင်း။

ဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များတွင် သုတေသနကျင့်ဝတ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ဆန်းစစ်သုံးသပ်မှု ဘုတ်အဖွဲ့များကို ဖြည့်ဖွဲ့စည်းခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများပြုလုပ်၍ သုတေသနများ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်စနစ်ကို ဆောင်ရွက်ခဲ့ပြီး သုတေသနဆောင်ရွက်မှု အားနည်းလျက်ရှိသော အရေးကြီးကဏ္ဍများကို စိစစ်သုံးသပ်ပြီး ဦးစားပေးသုံးသပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ(၂၀၁၇)ကို ရေးဆွဲချမှတ်ခဲ့ပြီး အဆိုပါမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းမူဘောင်၊ လမ်းပြမြေပုံများနှင့် အစီအစဉ်များ ဆက်လက်ရေးဆွဲချမှတ်သွားမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်ဆေးပညာရှင်များကို သုတေသနစွမ်းဆောင်ရည်များ မြင့်မားရေးအားပေးမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်ရန်လိုအပ်သည့် သုတေသနများကို အခန်းကဏ္ဍအလိုက်ပြုစု၍ သုတေသနခေါင်းစဉ်ဘဏ်တိုက်တစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့် သင့်တော်သော သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာ၊ သုတေသနလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲထုတ်ဝေသွားရန် လိုအပ်ကြောင်း၊ ယခုညီလာခံကြီးတွင် သူနာပြုများ၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပညာရှင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ ပိုမိုတက်ရောက်ပါဝင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုညီလာခံကြီးတွင် သုတေသန ပိုစတာပေါင်း ၁၀၇ ခုနှင့် စာတမ်း ၃၄ စောင်တို့ကို ဖတ်ကြားဆွေးနွေးသွားကြမည်ဖြစ်ပြီး အရည်အသွေး မြင့်မားသည်ကိုတွေ့ရှိရကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်အချိုးကျ ဆက်စပ်နေ၍ သုတေသန ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတွင် ခင်းကျင်းပြသထားသည့် ကျန်းမာရေးဆိုင်ရာ သုတေသနပိုစတာများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ညီလာခံခန်းမ (၁) ၌ ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

(၄၈) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ "ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော ပဋိဇီဝဆေးယဉ်ပါးမှု အန္တရာယ် (antimicrobial resistance: a threat of global concern)" ဟူသော ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက်အထိ ဂျပန်၊ နော်ဝေ၊ ကိုရီးယား၊ စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျ၊ တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့မှ သုတေသီပညာရှင်များက သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်း၊ သုတေသန ပိုစတာများပြသခြင်းနှင့် ဆွေးနွေးနီးနှောဖလှယ်ခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပြီး အကောင်းဆုံး အခြေခံသုတေသနစာတမ်း၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသနစာတမ်း၊ အကောင်းဆုံး လူမှုရေးနှင့် ကျန်းမာရေးသုတေသနစာတမ်း၊ အကောင်းဆုံးပိုစတာနှင့် လူငယ်သုတေသီဆုများကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဆေးတက္ကသိုလ် ငါးခုမှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာနှင့် ဆရာမများ၊ အခြေခံကျန်းမာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာရှင်များအဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရုံးချုပ်နှင့် အမေရိကန်နိုင်ငံ ရောဂါနှိမ်နင်းရေးဗဟိုဌာနတို့၏ အင်တာနက်စာမျက်နှာများကို လေ့လာကြည့်ရှုပြီး ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ပြည်သူ့ကျန်းမာရေး ပြဿနာများနှင့် အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများထံ ဝေမျှပေးရန်လိုအပ်ကြောင်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာသင်ရိုးညွှန်းတမ်း မွမ်းမံရေးဆွဲရန်၊ သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ရန်နှင့် ပညာရပ်ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး အကြံပြုရန်တို့အတွက် နီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာရှင်များအဖွဲ့၏ ဥက္ကဋ္ဌ ဆေးတက္ကသိုလ် (၁) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာစန်းစန်းဌေးက ဆေးတက္ကသိုလ်များရှိ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနများ၏ ဖွဲ့စည်းပုံ၊ လက်ရှိသင်ရိုးညွှန်းတမ်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ၎င်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးမှ ပညာရပ်ပိုမို တိုးတက်ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော် (မြန်အောင်) ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**မြန်အောင် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်အောင်မြို့နယ် ကလေးစာပေပွဲတော် (မြန်အောင်) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြန်အောင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကလေးစာပေပွဲတော် (မြန်အောင်) ဖွင့်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ ဒုတိယပိုင်း အခမ်းအနားအစီအစဉ်ကို အောင်ဇေယျခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်အောင်မြို့နယ် ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ပညာဗဟုသုတနှင့် လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူများဖြစ်လာစေရန်၊ ကျောင်းနေအရွယ်ကလေးငယ်များ ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ကျယ်ပြန့်စွာသိရှိပြီး အများစုပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ရိုးသားကြိုးစား ဧရာဝတီသားများ ဆောင်ပုဒ်နှင့်အညီ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းတွင် ပြသထားသည့် နယ်ပယ်စုံမှ ပုဂ္ဂိုလ်ကြီးများကဲ့သို့ ထူးချွန်သောပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြန်အောင်မြို့နယ်အတွင်းရှိ ရေနံ့မြေစာကြည့်တိုက်၊ ရသအောင်မြေရပ်ကွက်စာကြည့်တိုက်၊ သိဒ္ဓိအောင်ကျေးရွာစာကြည့်တိုက်များနှင့် ဆေးရုံအထောက်အကူပြု အဖွဲ့တို့သို့ ငွေကျပ် သုံးသိန်းစီနှင့် Wisdom Box စာကြည့်တိုက်ဖွံ့ဖြိုးရေးအစီအစဉ်အတွက် ငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကလေးစာပေပွဲတော် (မြန်အောင်) ၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်း၊ ပြိုင်ပွဲများ၊ မြန်အောင်ရေနံ့မြေ၊ ပညာရေး၊ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုသရေး၊ စည်ပင်သာယာရေးအဖွဲ့၊ကျန်းမာရေးပြခန်း နှင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း ပြခန်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Unicode စနစ်ပြောင်းလဲရေး ဝန်ဆောင်မှုပေးခြင်း ဆောင်ရွက်နေမှုများ၊ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထောပတ်သီးရင့်မှည့်မှုနှင့် အသီးအရည်အသွေး

ဒေါက်တာဝဏ္ဏာထွန်း (DOA)

**ဗီတာမင်၊ သတ္တုဓာတ်နှင့် အာဟာရဓာတ်များစွာ ကြွယ်ဝသည့် ထောပတ်သီးကို မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် အစရှိသည့်ကုန်းမြင့်ဒေသများ၌ စိုက်ပျိုးကြပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စားသုံးလေ့မရှိ၍ ယခင်က စီးပွားဖြစ် စိုက်ပျိုးခြင်းနည်းပါးခဲ့သော်လည်း မြန်မာ့ထောပတ်သီးများမှာ နိုင်ငံတကာမှ လက်ခံနိုင်သည့် အရည်အသွေးပြည့်မီခြင်း၊ ဓာတုဆေးသုံးစွဲမှု နည်းပါး၍ ဓာတ်ကြွင်းအာနိသင်နည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်မှ စိတ်ဝင်စားမှုရှိလာခြင်း စသည့် အချက်များကြောင့် ပို့ကုန်အလားအလာရှိသည့် သီးနှံတစ်ခုအဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။**

**သီးနှံ၏အရည်အသွေး**

စားသုံးသူများအတွက် ရွေးချယ်စရာ အလွန်များပြားသည့် ယနေ့သီးနှံဈေးကွက်တွင် ထောပတ်သီးအပါအဝင် မိမိတို့ထုတ်လုပ်သည့်သီးနှံသည် အရည်အသွေး အာမခံချက်ရှိမှသာ အခြားသီးနှံများနှင့် ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။ အရည်အသွေးဟုဆိုရာတွင် စားသုံးသူအား ဆွဲဆောင်နိုင်စွမ်းရှိသောအသွင်အပြင်ရှိ၍ စားသုံးရာ၌ အရသာ ကောင်းမွန်ခြင်း၊ အနံ့အရသာရှိခြင်း စသည့် အချက်များကို ဆိုလိုသည်။ ထို့အပြင်သီးနှံများ၌ ရောဂါပိုးမွှားကင်းစင်ခြင်း၊ ဘေးကင်းစိတ်ချရခြင်း၊ ဈေးသင့်တင့်ခြင်း အစရှိသော အရည်အသွေးများလည်း သီးနှံများ၌ ရှိသင့်သည်။ အဆိုပါအရည်အသွေးများကို အဓိကလွှမ်းမိုးသော အချက်များမှာ မျိုးရွေးချယ်မှုမှန်ကန်ခြင်း၊ စိုက်ခင်းထဲတွင် စနစ်တကျ ပြုစုစောင့်ရှောက်ခြင်း၊ သီးနှံများ ရင့်မှည့်မှုရှိမှသာ ခူးဆွတ်ခြင်း၊ သင့်တော်သော နည်းလမ်းဖြင့် ခူးဆွတ်ခြင်းနှင့် ဂရုတစိုက်ကိုင်တွယ်ခြင်း စသည်တို့ ဖြစ်ကြပါသည်။ အထူးသဖြင့် သစ်သီးများအား ရင့်မှည့်မှု အပြည့်အဝမရောက်ရှိမီ ခူးဆွတ်မိလျှင်ဖြစ်စေ၊ နောက်ကျ၍ခူးဆွတ်မိလျှင်ဖြစ်စေ စားသုံးသူများနှင့် ဈေးကွက်မှတောင်းဆိုသည့် အရည်အသွေးကို ရရှိနိုင်မည် မဟုတ်သကဲ့သို့ သစ်သီးများ၏ ခူးဆွတ်ပြီးနောက် ကြာရှည်အထားခံနိုင်မှုအပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ဥပမာ - ပေါ်ဦးပေါ်ဖျားတွင် ဈေးကောင်းရစေရန် ထောပတ်သီးအား ကောင်းစွာမရင့်ဘဲ ခူးဆွတ်ပါက ဆက်လက်၍ မရင့်မှည့်တော့ဘဲအရည်အသွေးမပြည့်ဝသည့် အသီးများသာ ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပြီး ဈေးကောင်းရရှိရန် ခက်ခဲပါလိမ့်မည်။

**ထောပတ်သီး ခူးဆွတ်ရချိန်**

ထောပတ်သီးသည် ပန်းပွင့်တွင် အသီးစတည်သည့် နေ့မှ ရက်ပေါင်း (၁၇၀-၁၈၅) ခန့်တွင် အရွယ်ရောက်(ရင့်) လေ့ရှိပါသည်။ သို့ရာတွင် စိုက်ပျိုးသည့်ဒေသ၏ ရာသီဥတု၊ အမြင့်ပေ၊ ထောပတ်ပင်တွင် ထည့်သွင်းသည့် အာဟာရနှင့် ထောပတ်သီးမျိုးအပေါ် မူတည်၍ အရွယ်ရောက်ချိန် ကွာခြားလေ့ရှိသည်။ ထောပတ်သီးသည် အပင်မှ ခူးဆွတ်ပြီးလျှင် ဆက်လက်အသက်ရှူ၍ ရင့်မှည့်ခြင်းဖြစ်စဉ်များဖြစ်ပွားသည့် အသီးအမျိုးအစား အုပ်စုတွင်ပါဝင်၍ ခူးဆွတ်ပြီးနောက်ပိုင်းမှသာ အသီးခွံနှင့် အတွင်းသားအရောင်၊ အတွင်းသား အရသာ၊ အနံ့၊ နူးညံ့မှု၊ အဆီဓာတ်ပါဝင်မှုများ အဆင့်ဆင့်ပြောင်းလဲဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ထို့ကြောင့် ဇီဝကမ္မ ဖြစ်စဉ်အရ အရွယ်ရောက်ထားသော ထောပတ်သီးမှသာ ရင့်မှည့်နိုင်ပြီး ကောင်းမွန်သည့် အရသာနှင့် အနံ့၊ နူးညံ့၍ အမျှင်ကင်းစင်သည့်အတွင်းသားတို့ကို ပေးစွမ်းနိုင်မည် ဖြစ်သည်။ ဇီဝကမ္မအရ အရွယ်ရောက်ခြင်းဆိုသည်မှာ ထောပတ်သီးသည် ဖွံ့ဖြိုးကြီးထွားမှုကို အလုံးစုံရောက်ရှိပြီးနောက် ဆက်လက်ရင့်မှည့်နိုင်သည့် အခြေအနေကို ဆိုလိုသည်။ သစ်သီးအများစု၏ အရွယ်ရောက်ချိန် တစ်နည်းအားဖြင့် ရင့်ချိန်ကို ခန့်မှန်းရသည်မှာ လွယ်ကူသော်လည်း ထောပတ်သီးသည် မခူးဆွတ်ဘဲ အပင်တွင် ဆက်လက်ထားရှိလျှင် မမှည့်တတ်သည့်သဘောရှိသောကြောင့် အရွယ်ရောက်(ရင့်)ချိန်ကို သတိမထား မိနိုင်ဘဲ ခူးဆွတ်ချိန် မှားယွင်းတတ်သည်။ Whiley et al., (2013) ၏ တွေ့ရှိချက်များအရ ထောပတ်သီးသည် အရွယ်ရောက်ခြင်းကို အလုံးစုံရရှိပြီးသော်လည်း မခူးဆွတ်မိလျှင် ကြွေကျခြင်းမရှိဘဲ ခြောက်လ သို့မဟုတ် ယင်းထက်ပို၍ အပင်ပေါ်တွင် ဆက်လက်ရှိနေနိုင်သည်။

**အရွယ်မရောက်မီ ခူးဆွတ်ခြင်း**

ထောပတ်သီးအား အရွယ်မရောက်မီ ခူးဆွတ်မိပါက အထက်ပါ ရင့်မှည့်မှုဖြစ်စဉ်များ အပြည့်အဝဖြစ်ပေါ်ခြင်း မရှိတော့ဘဲ အသီးမှာ ပျော့ပျောင်းမှုရှိသော်ငြား (၁) ရေဓာတ်ဆုံးရှုံးရသောကြောင့် ရှုံ့တွသည်။ (၂) အတွင်း သားရှိဆဲလ်နံရံများပျော်ကျနိုင်ခြင်း နည်းပါးသောကြောင့် မပျော့ပျောင်းဘဲ သားရည်သားကဲ့သို့ မာဆတ်ဆတ် ဖြစ်သည်။ (၃) ရောင်ခြည်ပစ္စည်းများ ဆက်လက်မစုစည်းနိုင်တော့ဘဲ အရောင်မညီမညာဖြစ်တတ်သည်။ (၄) အတွင်းသားတွင် သကြားဓာတ်အဖြစ်သို့ ပြောင်းလဲနိုင်မှုနည်းပါးပြီး အချိုပေါ့သွားသည်။



(၅) ထောပတ်သီးတွင် ထူးထူးခြားခြား ပမာဏများစွာ ပါဝင်၍ အသီးမှည့်ရန် ထိန်းချုပ်သောဓာတ်တစ်ခုဖြစ်သည့် C7 သကြားများ (mannoheptulose နှင့် perseitol) သည် မရင့်သော ထောပတ်သီးတွင် ပါဝင်မှုနည်းသောကြောင့် အသီးဆက်လက်မှည့်ရန် မဆောင်ရွက်နိုင်တော့ပါ။ (Pedreschi et al., 2019) (၆) လိုအပ်သည့် အနံ့ဖြစ်စေမည့် ဒြပ်ပေါင်းများ ဖွဲ့စည်းခြင်းသည် လျော့ကျသွားခြင်းကြောင့် ထောပတ်မျိုးအလိုက်ရှိရမည့် အနံ့အရသာမရနိုင်တော့ပါ။

ထို့ပြင် မရင့်မီခူးဆွတ်မိပါက ကြာရှည်အထားမခံနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။ Dixon et al., (2003) ၏ တွေ့ရှိချက်များအရ သင့်လျော်သော ရင့်မှည့်မှု ရှိသည့် ထောပတ်သီးသည် အသီးပုပ်ခြင်းနှင့် အအေးခန်း၌ သိုလှောင်စဉ်အတွင်း ရေခဲနာဖြစ်ပွားမှု အနည်းဆုံးဖြစ်၍ ကြာရှည်အထားခံပါသည်။ အသီးနု သို့မဟုတ် အမှည့်လွန်ထောပတ်သီးများသည် အဆိုပါအချက်များအား ခံနိုင်ရည်နည်းပါး၍ အထားမခံကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် ထောပတ်သီးအား စားသုံးသူများ ကြိုက်နှစ်သက်သည့် အရည်အသွေးရရှိရန်အတွက် အသီးနုများအား မခူးဆွတ်သင့်ပါ။ အလားတူစွာ ခူးဆွတ်ချိန် အလွန်နောက်ကျလျှင် အပင်ပေါ်ရှိအသီးများသည် အပင်အတွက်ဝန်ဖြစ်စေ၍ ယင်းဖြစ်စဉ်သည် လာမည့်နှစ်အတွင်း ပန်းခိုင်ထွက်ရှိမှုနှင့် အသီးတင်မှုအပေါ် အကျိုးသက်ရောက်မှုရှိပြီး အသီးအထွက်နှုန်း ကျဆင်းတတ်သည်။

**ထောပတ်သီး ရင့် မရင့်**

ထောပတ်သီးရင့်မှည့်မှုအား လွယ်ကူစွာစမ်းသပ်နိုင်သည့် ကမ္ဘာနှင့်အဝန်းမှ လက်ခံထားသော နည်းလမ်းတစ်ခုမှာ ထောပတ်သီးအတွင်းသား၏ Dry Matter ရာခိုင်နှုန်းကို ဆန်းစစ်ခြင်းဖြင့် အသီးရင့်မှည့်မှုကို ဆုံးဖြတ်ခြင်းဖြစ်သည်။ အဆိုပါနည်းမှာ အကြမ်းဖျင်းအားဖြင့် ထောပတ်သီးအတွင်းသားသက်သက် အနည်းဆုံး ၁၀၀ ဂရမ်ခန့်၏ အစိုအလေးချိန်နှင့် (မီးဖို/မိုက်ခရိုဝေ့ဖြင့် အခြောက်ခံပြီး) အခြောက် အလေးချိန်ကို ချိန်တွယ်ပါ။ ထို့နောက် အတွင်းသားအခြောက် အလေးချိန်ကို အစိုအလေးချိန်နှင့်စား၍ ၁၀၀ ဖြင့် မြှောက်ပြီး Dry Matter ရာခိုင်နှုန်းကို တွက်ချက်ရခြင်း ဖြစ်သည်။

**ဥပမာ**

| | |
|---|---|
| ထောပတ်သီးအတွင်းသား အစိုအလေးချိန် | - ၁၂၅ ဂရမ် |
| ထောပတ်သီးအတွင်းသား အခြောက်ခံပြီးအလေးချိန် | - ၃၀ ဂရမ် |
| Dry Matter ရာခိုင်နှုန်း | - (၃၀/၁၂၅) x ၁၀၀ |
| | = ၂၄ % |

ယေဘုယျအားဖြင့် Dry Matter ၂၃ ရာခိုင်နှုန်း ရောက်ရှိပြီးမှသာ ရင့်မှည့်သည်ဟု သတ်မှတ်နိုင်ပြီး ထောပတ်သီးများကို ခူးဆွတ်သင့်သည်။

ထောပတ်သီးရင့်မရင့်ဆုံးဖြတ်ရန် အခြားနည်းလမ်းများစွာရှိပါသည်။ လွယ်ကူသော နည်းလမ်းအချို့မှာ မျက်မြင်အနေအထားဖြင့် ဆုံးဖြတ်ရခြင်းဖြစ်သည်။ သို့သော် ထောပတ်မျိုးအပေါ် မူတည်၍ ခြားနားချက် အနည်းငယ်ရှိနိုင်ပါသည်။ ၎င်းတို့မှာ-

- အသီးရင့်လာလျှင် သီးညှာသည် ပို၍တုတ်လာမည်၊ ဖောင်းလာမည်၊ သိသိသာသာ အဝါရောင်ပြောင်းလာမည်။
- အသီးအားခွဲကြည့်လျှင် အစေ့ခွံသည် အဖြူရောင်ဖြစ်နေရာမှ ခြောက်ကပ်လာမည်၊ မည်းလာမည်၊ အနည်းငယ် ရှုံ့လာမည်။
- အသီးကြီးထွားလာမည်။
- အသီးခွံသည် တောက်တောက်ပပမရှိတော့ပါ၊ အရောင်မစိုဘဲ မှိုင်းလာမည် (အခွံပါးသည့် မျိုးများတွင် ယခုကဲ့သို့ပြောင်းလဲမှုမရှိပါ)။
- 'Hass' မျိုးတွင် အသီးခွံသည် ခရမ်းရောင်သို့ ပြောင်းလဲလာမည်။

အဆိုပါသတ်မှတ်ချက်များသည် ထောပတ်သီး၏ မျက်မြင်အခြေအနေကိုသာကြည့်၍ ဆုံးဖြတ်ရသောကြောင့် ကွဲပြားမှုရှိနိုင်ပါသည်။

အရည်အသွေးပြည့်မီသော ထောပတ်သီးများအား ရောင်းချတင်ပို့မှသာ ရေရှည်တည်တံ့၍ ခိုင်မာသည့် ဈေးကွက်ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အရည်အသွေးကောင်းမွန်၍ မိမိတို့ဒေသနှင့် ကိုက်ညီသည့် ထောပတ်မျိုးများကို ရွေးချယ်ရန် လိုအပ်သကဲ့သို့ မှန်ကန်သည့်စိုက်ပျိုးနည်းစနစ်များကို ထောပတ်သီးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက်သာမက စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ပါ စနစ်တကျလိုက်နာသင့်ပါသည်။ ထိုကဲ့သို့ စနစ်တကျ ပြုစုစောင့်ရှောက်ပြီးခါမှ ထောပတ်သီးများ အရည်အသွေးမကျဆင်းစေရန်အတွက် ရင့်မှည့်ချိန်ရောက်ရှိမှသာ ထောပတ်သီးများကို ခူးဆွတ်ခြင်းဖြင့် နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် ပထမတန်းစား ထောပတ်သီးများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

**ကိုးကားချက်**

Dixon, J., Pak, H.A., Smith, D.B., Elmsly, T.A., Cutting, J.G.M. (2003). New Zealand avocado fruit quality: the impact of storage temperature and maturity. Proceedings of the V World Avocado Congress 2:647–652

Pedreschi, R., Uarrota, V., Fuentealba, C., Alvaro, J.E., Olmedo, P., Defilippi, B.G., Meneses, M., and Campos-Vargas, R. (2019). Primary Metabolism in Avocado Fruit. Front. Plant Sci., 26 June 2019. http://doi.org/10.3389/fpls.2019.00795

Whiley, A.W., Wolstenholme, B.N., Faber, B.A. (2013). Crop Management, In: Schaffer, B., Wolstenholme, B.N., Whiley, A.W. (Eds.), The Avocado: Botany, Production and Uses, CAB International, Wallingford, UK, pp. 343–379.

**"ထောပတ်သီးအား စားသုံးသူများ ကြိုက်နှစ်သက်သည့် အရည်အသွေးရရှိရန်အတွက် အသီးနုများအား မခူးဆွတ်သင့်ပါ။ အလားတူစွာ ခူးဆွတ်ချိန် အလွန်နောက်ကျလျှင် အပင်ပေါ်ရှိအသီးများသည် အပင်အတွက် ဝန်ဖြစ်စေ၍ ယင်းဖြစ်စဉ်သည် လာမည့်နှစ်အတွင်း ပန်းခိုင်ထွက်ရှိမှုနှင့် အသီးတင်မှုအပေါ် အကျိုးသက်ရောက်မှုရှိပြီး အသီးအထွက်နှုန်း ကျဆင်းတတ်သည်"**

## နာဂရိုးရာ နှစ်သစ်ကူးပွဲတော်၌ ရိုးရာအသုံးအဆောင်ပစ္စည်းများ ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချမည်



**လဟယ် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာလက်မှုအထည်ဆိုင်မှ ရိုးရာအသုံးအဆောင် ပစ္စည်းများကို ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ရိုးရာချည်နှင့် ပုတီးများကိုဝယ်ယူပြီး လဟယ်မြို့တွင် ရက်လုပ်ကာ ရိုးရာအသုံးအဆောင်များဖြစ်သည့် ရိုးရာခြုံဆောင်၊ တဘက် (မာဖလာ)၊ လွယ်အိတ်၊ လည်ဆွဲပုတီး၊ တောဝက်စွယ်ဖြင့်ပြုလုပ်ထားသည့် ပုတီး၊ ရိုးရာလုံချည်၊ ပုဆိုး၊ လက်ကောက်၊ ရိုးရာအင်္ကျီဝတ်စကုတ်စသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို ရိုးရာပွဲအတွင်း ရောင်းချပေးမည်ဖြစ်ပြီး ရိုးရာပွဲအပြီးတွင်လည်း လဟယ်မြို့ တိုးချဲ့ရပ်ကွက် (၂) တွင် ဆက်လက်ရောင်းချသွားမည်ဟု ဒေါ်မိုးရဲက ပြောသည်။

စနေမောင်(ခန္တီး)

# သင်ယူမှုအခွင့်အလမ်း မြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှုပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

သင်ယူမှုအခွင့်အလမ်း မြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှု ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နိုင်ငံတော်၏ မူဝါဒအရ နေပြည်တော်အား ပညာရေးကို အခြေပြုသည့် နယ်မြေတစ်ခုဖြစ်လာရန် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်၏ တည်ဆောက်ပုံအရ ပညာရေးဖွံ့ဖြိုးရန် သင့်လျော်သည့် နယ်မြေဖြစ်သည့်အတွက် အနာဂတ်မြို့ပြစီမံကိန်းကို ချမှတ် ဆောင်ရွက်နေပါကြောင်း၊ နေပြည်တော်ရှိ နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့်တက္ကသိုလ်များဖြစ်သော သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးတက္ကသိုလ်တို့အပြင် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ကြီးများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲမှ အနာဂတ်တွင် အားကိုးရမည့် နိုင်ငံသားကောင်းမျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မည့် အကျိုးရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းနေအရွယ်ကလေးများ မူကြိုမှစ၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ တက္ကသိုလ်ပညာရေး၊ ဘဝတစ်သက်တာအတွက် အလုပ်လုပ်ရင်း သင်ယူသော ပညာရေးအထိ သင်ယူနိုင်ရန် အခွင့်အလမ်းသည် အရေးကြီးပါကြောင်း၊ သင်ယူမှုအခွင့်အလမ်းမြင့်မားရေးနှင့် အရည်အသွေးရှိသော သင်ယူမှု ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားသင်ယူမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထက (၂) ပျဉ်းမနား၌ ကျင်းပသည့် ဆဋ္ဌမတန်း ဆွေးနွေးပွဲသင်တန်းတွင် အကျယ်တဝင့် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၁ ရာစုပညာရေးစနစ်နှင့်အညီ ကျောင်းသုံးဖတ်စာအုပ်များ အသစ်ပြုစုခြင်း၊ သင်ကြားသင်ယူမှု နည်းလမ်းများ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးရှိသော သင်ယူမှုပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ကောင်းမွန်စေရေး ဆရာ ဆရာမများကို သင်တန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများဖြန့်ဝေပေးခြင်း၊ ဆရာဗဟိုပြုသင်ကြားမှုမှ သင်ယူသူဗဟိုပြု သင်ကြားသင်ယူလေ့ကျင့်ပေးသည့် ပရိဂျက်အခြေပြု သင်ယူရေး မွမ်းမံသင်တန်းပေးခြင်းတို့ကို ခွင့်ပြုဘဏ္ဍာငွေအရ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ စာမေးပွဲဖြေရန် သင်ယူခြင်းထက် တစ်သက်တာသင်ယူနိုင်ရန်၊ အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ နက်နက်နဲနဲသင်ယူကာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ အနာဂတ်သာယာလှပရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဝန်ကြီးဌာနနှင့် ပညာရေး မိသားစုများအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် အတွေ့အကြုံများကို အခြေခံ၍ အားသာချက်များကို ပိုမိုအားကောင်းအောင်၊ အားနည်းချက်များကို ပြန်လည် ဆွေးနွေးညှိနှိုင်းပြီး အားကောင်းအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကဏ္ဍ၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့် ပညာကဏ္ဍ စသည့်သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **သတင်းစဉ်**

▼ *ကျောဖုံးမှ*

ရှေးဦးစွာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒ၊ NCA အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံလုပ်ငန်းစဉ်၊ ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမူသဘောတူညီချက်များကို ကောင်းမွန်စွာသိရှိနားလည်မှသာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်မည် ဖြစ်ပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းသည့်အခါ၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်သည့်အခါများတွင် အစိုးရ၏ ငြိမ်းချမ်းရေးမူဝါဒ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပြည်ထောင်စုသဘောတူစာချုပ်ပါ သဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်နေရန်နှင့် လိုက်ပါဖော်ဆောင်ရန် လိုအပ်ပါကြောင်း။

## ရည်ရွယ်ချက်

ထို့ကြောင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အစိုးရ၏ ငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းစဉ်များကို သိရှိနားလည်ရန်ရည်ရွယ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အဓိကပတ်သက်ဆက်နွှယ်သည့် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ NCA ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံနှင့် ပြည်ထောင်စုသဘောတူစာချုပ် စသည့်အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါအကြောင်းအရာများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီက တာဝန်ရှိပုဂ္ဂိုလ်များက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

## အားလုံးကလက်ခံထားပြီးဖြစ်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူထမ်းဆောင်စကတည်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းရန် ကတိပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အားလုံးသိကြသည့်အတိုင်း မိမိတို့နိုင်ငံ၏ နှစ်ပေါင်း (၇၀) ကျော်ကြာမြင့်ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး အစိုးရအဆက်ဆက်ငြိမ်းချမ်းရေးကို ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ၏ ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာကို ဖြေရှင်းရန်အတွက် အားလုံးသဘောတူလက်ခံနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ဖြစ်သည်ဆိုသည်ကို လက်ခံယုံကြည်ထားကြပါကြောင်း၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရမည်ဆိုသည်ကိုလည်း အားလုံးကလက်ခံထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မဏ္ဍိုင်ပြုပြီး နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ရှေ့ဆက်လျှောက်လှမ်းမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃) ရပ်ကို ချမှတ်ထားပါကြောင်း၊ ယင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လေးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားထားပြီးဖြစ်ပါကြောင်း။

## မူဘောင်သဘောတူညီချက်များ ရယူမည်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မိမိအနေဖြင့် ထပ်လောင်းပြောကြားလိုပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပထမဆုံးငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံကိုမည်သို့ ရှေ့ဆက်သွားမည်ဆိုသည့် ဘုံလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ NCA ကို အခြေခံပြီး ရှေ့ကိုဆက်လျှောက်လှမ်းရာတွင် အားလုံးသဘောတူချမှတ်သည့် လုပ်ငန်းစဉ် တစ်ရပ်ရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပထမအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး မူဘောင်သဘောတူညီချက်များ ရယူမည်ဖြစ်ကြောင်း၊ အဆိုပါ မူဘောင်သဘောတူညီချက်များသည် လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်၏ ပထမပိုင်းဖြစ်လာမည်ဖြစ်ကြောင်း။

ဒုတိယအနေဖြင့် လက်ရှိဖက်ဒရယ်ဆိုင်ရာအခြေခံမူ (၅၁)ချက် ရရှိပြီးဖြစ်သည့်အတွက် နောက်ထပ်အခြေခံမူများရရှိအောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ပါကြောင်း၊ နောက်ထပ်ရရှိလာမည့် အခြေခံမူများနှင့် လက်ရှိရရှိထားသည့် (၅၁) ချက်ကို စုပေါင်းပြီး အခြေခံမူသဘောတူညီချက်များ ရယူမည်ဖြစ်ပါကြောင်း၊ အဆိုပါ အခြေခံမူသဘောတူညီချက်များသည် လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်တွင် ပါဝင်လာမည်ဖြစ်ပါကြောင်း။

တတိယအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲအလွန် ဆက်လက်ဖော်ဆောင်မည့် အဆင့်လိုက် လုပ်ငန်းစဉ်များ၊ ဦးစားပေးအစီအစဉ်များကို ဘုံသဘောတူညီချက်အဖြစ် ရယူပြီး (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆိုသွားမည် ဖြစ်ပါကြောင်း။

## ဆက်လက်အရှိန်မြှင့်လုပ်ဆောင်

ငြိမ်းချမ်းရေးဒုတိယလုပ်ငန်းစဉ်သည် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးပင် ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းသည့် အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ရန်၊ နိုင်ငံရေးစားပွဲဝိုင်းတွင် ပါဝင်နိုင်ရန်၊ NCA ထီးရိပ်အောက်တွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေးတတိယလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို လူထုရရှိခံစားနိုင်ရေးပင်ဖြစ်ပါကြောင်း၊ မငြိမ်းချမ်းသည့် ဒေသများတွင် ပဋိပက္ခဒဏ်ကို အဓိကရရှိ ခံစားကြရသူများသည် အောက်ခြေကပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအတွက် အခြေခံအဆောက်အဦ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူများကလည်း နိုင်ငံ့ကောင်းရာ ကောင်းကျိုးအတွက်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန်၊ ယခုအလုပ်ရုံဆွေးနွေးပွဲက သိမြင်ရရှိလာမည့် အတွေ့အကြုံများ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးမူဝါဒများနှင့် လိုက်လျောညီထွေဖြစ်အောင် မိမိတို့ဌာန၊ အဖွဲ့အစည်းအတွင်း လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

## ရှင်းလင်းဆွေးနွေး

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ သမ္မတဦးသိန်းစိန် အစိုးရကာလ ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်၊ လက်ရှိကာလ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေ၊ မြေပြင်အနေအထား၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက ငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်သည့်နေ့မှစ၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရရှိသည်အထိ ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းစဉ်များနှင့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး ဌာနအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုချက်များ ဆွေးနွေးခြင်းနှင့် သဘောထား စုစည်းချက်များ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရပ်နားလိုက်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်အထိ နေပြည်တော် ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်နေ ကျော်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁-၂၀၂၀ရက်နေ့တွင် ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက် နေ ကျော်ဦး(ခ) ကျော်ကျော်ဦး(၃၇)နှစ်၊ (ဘ)ဦးဖိုးကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(ဗန်းမော်)မယ(ပ)၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ အောင်ခင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၁-၂၀၂၀ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ တပ်ကုန်းကျေးရွာနေ အောင်ခင်(၄၂)နှစ်၊ (ဘ)ဦးစံဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ညီဖြစ်သူ အောင်လင်း (၃၅)နှစ်၊ (ဘ)ဦးစံဝင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဝန်းသို)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်း ဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်တိတ်ကျေးရွာနေ သိန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၀ရက်နေ့တွင် အင်းတော်မြို့နယ်၊ မော်တိတ် ကျေးရွာနေ သိန်းဝင်း (၄၅)နှစ်၊ (ဘ)ဦးသိန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီ တိုင်းဒေသကြီး၊ ကရသူရိမြို့နယ်၊ ဟန်ကပြု ကျေးရွာနေ ဒေါ်စန်းသီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁-၂၀၂၀ရက်နေ့တွင် ကရသူရိမြို့နယ်၊ ဟန်ကပြု ကျေးရွာနေ ဒေါ်စန်းသီ (၄၂)နှစ်၊ (ဘ)ဦးထင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း)မယ(ပ)၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မမိုးသူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၂၀ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၌ ၎င်းရပ်ကွက်နေ မမိုးသူ(၃၀)နှစ်၊ (ဘ) ဦးကျင်ထွေးအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဧည့်ဝတီ(၂)လမ်းရှိ နှစ်ထပ်ဆောင်နေ အောင်ကိုကိုထက်(ခ)ကိုထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁-၂၀၂၀ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဧည့်ဝတီ(၂) လမ်းရှိ နှစ်ထပ်ဆောင်နေ အောင်ကိုကိုထက် (ခ)ကိုထက်(၂၁)နှစ်၊ (ဘ) ဦးမောင်ဇော်၏ အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ဆောင်တည်းနေ မောင်ရန်(ခ)ရွှေဝါ(၂၀)နှစ်၊ (ဘ)ဦးမျိုးမင်းသန်း၊ နိုင်လင်းထွန်း (ခ) အရှည်ကြီး(၂၂)နှစ်၊ (ဘ)ဦးသောင်းနိုင်ဦးတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ကျော်ဇေယျနှင့်ဇနီး မစန္ဒာဝင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ကျော်ဇေယျ (ခ)ကျော်ဇေယျာထွန်း(၃၅)နှစ်၊ (ဘ)ဦးကျော်ဝင်းနှင့်ဇနီး မစန္ဒာဝင်း(၃၂) နှစ်၊ (ဘ) ဦးစံဝင်းတို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ဒေါပုံ)မယ(ပ)၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊သဘော်ကျင်းရပ်ကွက်နေ မခိုင်ခိုင်နှင့် အာနိုးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁-၂၀၂၀ရက်နေ့တွင် ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်နေ မခိုင်ခိုင် (ခ)ခိုင်သဥ္ဇာ(၂၆)နှစ်၊(ဘ) ဦးထွန်းဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ တင်မောင်ထွန်း(၅၃)နှစ်၊ (ဘ)ဦးတင်ထွန်း၊၎င်းရပ်ကွက်နေ အာနိုး(ခ)ဇော်လတ်ထွန်း(၂၃)နှစ်၊ (ဘ)ဦးထွန်းဝင်းနှင့် ဇနီး ဆုရီထိုက်(ခ) ဆုရည်ထိုက်(၂၃)နှစ်၊ (ဘ)ဦးလှဝင်း၊ စိုးသူလွင် (၂၂)နှစ်၊ (ဘ)ဦးကျော်လွင်နှင့် သာကေတမြို့နယ်၊ (၂/မြောက်) ရပ်ကွက်နေ အောင်ထွဋ်ပိုင်(၂၃)နှစ်၊ (ဘ)ဦးမြဟန်တို့ (၆) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(ဒေါပုံ)မယ (ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၅) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားရှိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက် လမ်းမပေါ်၌ ၎င်းမြို့၊ အမှတ်(၁၀) ရပ်ကွက်နေ အိုက်အိုင်း(၂၀)နှစ်၊ (ဘ)ဦးလှအောင်နှင့် လဆိုင်း(၃၂)နှစ်၊ (ဘ) ဦးဇော်လှတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး)မယ(ပ)၅/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၀)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၁၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၂)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားရှိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၁-၂၀၂၀ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်နေ မအေးခေါင်(၃၈)နှစ်၊ (ဘ) ဦးအောင်ဇေယျ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၁-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၉၃၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၂၁၀)ဦး၊ မ(၂၄၁)ဦး၊ ပေါင်း(၁၄၅၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၃၈၉.၀၇၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၁၂၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆) ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၁၀၃၅)ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉)လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်းလုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm






# ပြင်ဦးလွင်မြို့တွင် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၃**

ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အထက(၁)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်ကို ကျောင်းရှေ့မုခ်ဦးတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးထင်ကျော်နှင့် လူရည်ချွန်ကျောင်းသူ မနန်းသီရိနွယ်၊ မယဉ်မင်းကျော်၊ မလင်းလတ်ခင်တို့က ကျောင်းသား ကျောင်းသူများနှင့်အတူ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ စာအုပ်စာပေ ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အထက (၁) ဧရာဝတီခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များကို ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ပွဲတော်ဖြစ်သည်နှင့်အညီ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် ပျော်ရွှင်ဖွယ်ဖြစ်စေရန် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း၊ ပျော်ရွှင်မှုတွင်လည်း ရေရှည်အကျိုးရှိမည့် ကလေးများ အသိပညာတိုးပွားစေရန်၊ စာအုပ်စာပေများနှင့် တွဲဖက်၍ ပျော်ရွှင်မှုဖြစ်စေရန်အတွက် စာပေနှင့် နီးနွယ်သည့် ကဗျာရွတ်ခြင်း၊ ပုံပြောခြင်းစသည့် အစီအစဉ်များအပြင် စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပေးထားမှုကြောင့် ပွဲတော်များမှတစ်ဆင့် ကလေးများ စာဖတ်ဝါသနာများ ရရှိသွားနိုင်ပါကြောင်း၊ စာပေနှင့် ဆက်စပ်ပတ်သက်သည့် ပတ်ဝန်းကျင်တွင် ပျော်ရွှင်သည့် ပွဲတော်တစ်ခုဖြစ်ရန် ဖန်တီးထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အများစုပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ပြီး ကျေနပ်အားရပျော်ရွှင်မှု စိတ်ဓာတ်ကို ငယ်ရွယ်စဉ်ကတည်းက ရရှိသွားစေရန်လည်း ရည်ရွယ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်စေရန်နှင့် ငြိမ်းချမ်းသာယာမှုရှိစေရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ပြင်ဦးလွင်ပန်းမြို့တော်တွင် အရောင်အသွေးစုံလင်လှပစွာ စုစည်းခင်းကျင်းပြသထားသည့် ပန်းပွဲတော်ကြီးကို ကြည်နူးစွာမြင်တွေ့ရသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိမည်ဆိုပါက သာယာဝပြောသော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အများနှင့်အတူတကွ တွဲဖက်၍ လုပ်ဆောင်တတ်သည့် စိတ်ဓာတ်များ ငယ်ရွယ်စဉ်ကတည်းက ကိန်းအောင်းသွားစေရန် လိုအပ်သည်ဟု မြင်ပါကြောင်း။

**စိတ်အားထက်သန်စွာဆောင်ရွက်**

ကလေးစာပေ ပွဲတော်များကို ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ဖြင့်သာ လုပ်ဆောင်၍မရဘဲ သက်ဆိုင်ရာနေရာဒေသများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့်အပြင် သက်ဆိုင်ရာ မြို့မိမြို့ဖများ ပူးပေါင်းပါဝင်ပံ့ပိုးမှုများဖြင့် စုပေါင်း၍ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြစ်စေရန် စီစဉ်ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ ယခု ပြင်ဦးလွင်မြို့တွင် ကျင်းပသည့် ကလေးစာပေပွဲတော်တွင် မြို့မိမြို့ဖများအပြင် ကျောင်းသားဟောင်းများလည်း စိတ်အားထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသဖြင့် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ ပွဲတော်များ ကျင်းပနိုင်မှုကြောင့် လူတော်လူကောင်းများ ဖြစ်လာပြီး ၎င်းတို့ကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် ကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်လာကြမည်ဖြစ်ပါကြောင်း။

နိုင်ငံသားကောင်းအများအပြားရှိပါက တိုင်းပြည်အင်အားရှိမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံရှိ ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးစာပေပွဲတော်များအပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များလည်း စီစဉ်ကျင်းပပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ကလေးစာပေပွဲတော်များ ကျင်းပခြင်းသည် အနာဂတ်နိုင်ငံတော်ကြီး တောင့်တင်းခိုင်မာပြီး အင်အားရှိသော တိုင်းပြည်ဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ပြီးပျော်ရွှင်မှုရရှိစေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ထိုကဲ့သို့ အစဉ်အလာကောင်းများ ဖြစ်လာစေရန် ထူထောင်ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပရခြင်းရည်ရွယ်ချက် သုံးရပ်ကို ကောင်းမွန်သည့် အစဉ်အလာအဖြစ် စုပေါင်းလက်တွဲ၍ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် စွမ်းအားတစ်ရပ် ဖြစ်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ကလေးစာပေပွဲတော်များမှတစ်ဆင့် အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုထိုက်သော၊ စွမ်းအားရှိသော၊ လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ပညာရေးစနစ်သစ် ရင်းနှီးမြှုပ်နှံ**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ယခု ကျင်းပနေသည့် ကလေးစာပေပွဲတော်များ၏ ရည်ရွယ်ချက်သည် လက်ရှိ ပညာရေးစနစ်သစ်၏ သင်ရိုးသစ်ပါ သင်ခန်းစာများနှင့်လည်း ကိုက်ညီမှုရှိနေပါကြောင်း၊ ပညာရေးစနစ်သစ်တွင် ပူးပေါင်းလုပ်ဆောင်တတ်မှု၊ တီထွင်ကြံဆမှုများကို စာသင်ခန်းများအတွင်းမှာပင် ပျော်ရွှင်စွာဖြင့် လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များသည် ပညာရေးစနစ်သစ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ဆိုနိုင်ပါကြောင်း၊ ထို့ကြောင့် ကလေးစာပေပွဲတော်များဖြစ်မြောက်ရေးဦးဆောင်ကျင်းပပေးသည့် ပြန်ကြားရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နောင်ခမ်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပန်းကမ္ဘာမျှော်စင်သီချင်းဖြင့်လည်းကောင်း၊ ဟိန်းထက်လျှံ ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စည်းလုံးစို့လေ သွေးချင်းတို့မြေ သီချင်းဖြင့်လည်းကောင်း၊ အလက (၁)/အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူများက ရှမ်းရိုးမက အိုးစည်သံ သီချင်းဖြင့်လည်းကောင်း၊ ရွှေစာဝိုင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက နဂါးတို့ရဲ့အိုးလေးသီချင်းဖြင့်လည်းကောင်း၊ စနိုးကွင်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဦးရွှေရိုးနှင့် ဒေါ်မိုး သီချင်းဖြင့်လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်အတွင်း ကျင်းပလျက်ရှိသည့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကချင်၊ ချင်း၊ ရှမ်းနှင့် လီဆူတိုင်းရင်းသား ဘာသာစကားများ ပါဝင်ကျင်းပသည့် ကဗျာပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် စုပေါင်းအားကစားပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဌာနဆိုင်ရာပြခန်းများနှင့် ရတနာပုံ ဆိုက်ဘာစီးတီး တက္ကသိုလ်ဆိုင်ရာ ပြခန်း၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများပြခန်း၊ အသင်းအဖွဲ့ဆိုင်ရာ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ စတုဒိသာ ကျွေးမွေးမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကလေးစာပေ ပွဲတော်များကို ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နှင့် ဒေသအစီအစဉ်တို့ဖြင့် ကျင်းပခဲ့ရာ ယနေ့အထိ နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော် (၉)ကြိမ်နှင့် ခရိုင်အဆင့် ကလေးစာပေပွဲတော်(၄၅)ကြိမ်၊ ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော် (၃၁)ကြိမ် စုစုပေါင်း (၈၅)ကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်သည့် မြို့ကြီးများဖြစ်သည့် လွိုင်ကော်၊ ဘားအံနှင့် ထားဝယ်မြို့တို့တွင် ကျင်းပနိုင်ရန်နှင့် ခရိုင်အဆင့် ကလေးစာပေပွဲတော်များကို ဖာပွန်၊ ဂန့်ဂေါနှင့် ဖားကန့်မြို့များတွင် ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ပြင် ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ၎င်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ ခုတွင် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၁၆ မြို့နယ်တွင် ကျင်းပပြီးစီးခဲ့ပြီး မြန်အောင်၊ ညောင်တုန်း၊ ရေကြည်၊ ကြံခင်း၊ ဘိုကလေး၊ ငပုတော၊ ဟင်္သာတ၊ မအူပင်၊ ကန်ကြီးထောင့်နှင့် ဖျာပုံမြို့များတွင် ကျင်းပရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြင်ဦးလွင်မြို့ ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-အောင်ဖြိုးကျော်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်ကျောင်းသူများက ပြင်ဦးလွင်မြို့ ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ ဓာတ်ပုံ-အောင်ဖြိုးကျော်

# ပြင်ဦးလွင်ကလေးစာပေပွဲတော်တွင် ပါဝင်ဆင်နွှဲသူများနှင့် တာဝန်ရှိသူများ၏ ရင်တွင်းစကားသံများ



ဦးအောင်မင်း
(လွှတ်တော်ကိုယ်စားလှယ်)



ဦးထင်ကျော်
(ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး)



ဒေါ်တင်တင်ထွေး
(ခရိုင်ပြန်/ဆက်ဦးစီးမှူး)



ဒေါ်စုစုဝင်း
(ကျောင်းအုပ်ဆရာမကြီး)



ဒေါ်ညိုညိုသန်း



မယွန်းနဒီလင်း

**ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော်တွင် အသိပညာပေးပြခန်းပေါင်း ၂၆ ခန်း၊ စာအုပ်အရောင်းဆိုင်ပေါင်း ၅၀ ကျော် ခင်းကျင်းပြသခြင်း၊ ရောင်းချခြင်း၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဂိမ်းကစားနည်းမျိုးစုံနှင့် အားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က ပါဝင်ဆင်နွှဲကြသူများနှင့် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**



ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော် ပထမနေ့တွင် ကလေးငယ်များ ခင်းကျင်းရောင်းချသည့် စာအုပ်များကို စိတ်ဝင်စားစွာ ရွေးချယ်ဝယ်ယူနေကြစဉ်။
ဓာတ်ပုံ - အောင်ဖြိုးကျော်

**ဦးအောင်မင်း (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ကလေးစာပေပွဲတော်ကျင်းပရေးကော်မတီ နာယက)**

ကလေးစာပေပွဲတော်ကြီး အခုလို စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အစည်းအဝေးတွေ အကြိမ်ကြိမ်လုပ်ခဲ့ရပါတယ်။ ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေ၊ ဆရာ ဆရာမတွေ၊ မြို့မိမြို့ဖတွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်ကြလို့ အခုလိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုလို အောင်မြင်စည်ကားသိုက်မြိုက်တာကိုကြည့်ရင် ကျွန်တော့်လိုပဲ ပါဝင်ဆောင်ရွက်သူတွေအားလုံး ပီတိဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးထင်ကျော်**
**ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး**

နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်ကလေးငယ်တွေ၊ နိုင်ငံတော်က အားထားရတဲ့ လူတော်လူကောင်းကလေးငယ်တွေ ပေါ်ထွက်လာစေဖို့၊ ကလေးငယ်တွေ အသိပညာ ဗဟုသုတတွေရရှိစေဖို့ စတဲ့ရည်ရွယ်ချက်ကောင်းတွေနဲ့ ကလေးစာပေပွဲတော်ကို ကျင်းပတာကြောင့် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ပြင်ဦးလွင်ခရိုင်အတွင်းမှာရှိတဲ့ အခြားမြို့နယ်တွေမှာလည်း ကျင်းပနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဦးမှာ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ထွေး**
**ပြင်ဦးလွင်ခရိုင်ပြန်/ဆက်ဦးစီးမှူး**

ပြင်ဦးလွင်ကလေးစာပေပွဲတော်ရဲ့ ထူးခြားချက်ကတော့ အဝေးထိန်းလေယာဉ်ငယ်ပြခန်းကို ထည့်သွင်းပြသပြီး အဝေးထိန်းလေယာဉ်တွေကို လက်တွေ့ပျံသန်းပြသတာ ဖြစ်ပါတယ်။ ပြင်ဦးလွင်၊ မန္တလေး၊ ရန်ကုန်မြို့တွေက စာအုပ်ဆိုင်ပေါင်း ၅၀ကျော် ဖွင့်လှစ်ပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးပါတယ်။

**ဒေါ်စုစုဝင်း**
**ကျောင်းအုပ် ၊ အမှတ်(၁)အထက**

ကလေးစာပေပွဲတော်ကျင်းပပေးတဲ့အတွက် ကလေးတွေမှာ စာဖတ်ချင်စိတ်တွေဖြစ်ပေါ်လာမယ်။ စာအုပ်လေးတွေမြင်ပြီးတော့ ဝယ်ဖတ်ပြီးတော့ ဗဟုသုတတွေ အများကြီးရနိုင်တယ်။ ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခြင်းကြောင့် ကလေးတွေမှာ ကောင်းတဲ့ဘက်မှာ ယှဉ်ပြိုင်ချင်စိတ်တွေဖြစ်ပေါ်လာပြီး သူတို့ရဲ့စိတ်ဓာတ်တွေမြှင့်တင်ပေးရာရောက်ပါတယ်။

**ဒေါ်ညိုညိုသန်း**
**ကလေးမိဘ၊ ကြီးကိုင်ကျေးရွာ**

ပြင်ဦးလွင်မှာ ပထမဆုံးအကြိမ်ကျင်းပတဲ့အတွက် ကျွန်မကိုယ်တိုင်လည်း လာချင်ပါတယ်။ ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပတဲ့ ပြပွဲတွေ ၊ ပြိုင်ပွဲတွေ ၊ ပျော်ပွဲရွှင်ပွဲတွေ ကို အိမ်ကကလေးတွေကို မြင်ဖူးတွေ့ဖူးစေချင်လို့ ပြသချင်တာကြောင့် အခုလိုလာရောက်တာ ဖြစ်ပါတယ်။ နောက်နောင်လည်း အခုလိုကလေးစာပေပွဲတော်တွေ ပြင်ဦးလွင်မှာ ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

**မယွန်းနဒီလင်း**
**တတိယတန်းကျောင်းသူ**

သမီးက ကလေးစာပေပွဲတော် ကဗျာရွတ်ပြိုင်ပွဲမှာ ဆရာကြီးမင်းသုဝဏ်ရေးသားတဲ့ သပြေညိုဆိုတဲ့ ကဗျာလေးနဲ့ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ပါတယ်။ ကလေးစာပေပွဲတော်မှာ သမီးတို့လို ကလေးငယ်တွေအတွက် ပျော်ပွဲရွှင်ပွဲတွေ၊ ပြိုင်ပွဲတွေနဲ့ ဗဟုသုတရစရာတွေ အများကြီးကြုံတွေ့ရလို့ ကလေးစာပေပွဲတော်ကို နှစ်တိုင်းကျင်းပပေးစေချင်ပါတယ်။

တွေ့ဆုံမေးမြန်း - ချမ်းသာ (မိတ္ထီလာ)
ဓာတ်ပုံ - ကိုနေ (ကျောက်ပန်းတောင်း)



ပြင်ဦးလွင်ခရိုင် ကလေးစာပေပွဲတော် ပထမနေ့တွင် လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိစဉ်။ ဓာတ်ပုံ - အောင်ဖြိုးကျော်

# ပြင်ဦးလွင်မြို့ ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ မြင်ကွင်းပုံရိပ်များ

ဓာတ်ပုံ - အောင်ဖြိုးကျော်





ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ လာရောက်ပါဝင်ဆင်နွှဲသူများကို တွေ့ရစဉ်။

ကဗျာရွတ်ဆို ပြိုင်ပွဲဝင်နေသည့် ကျောင်းသူလေးများ။ (ဝဲပုံ)



အဝေးထိန်းလေယာဉ်ငယ် လက်တွေ့ပျံသန်းမှုကို စိတ်ဝင်တစား ကြည့်ရှုနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ (အောက်ပုံ)



ကျောင်းသား ကျောင်းသူလေးများက Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်စဉ်။



ပွဲတော်လာပြည်သူများအား ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းဖြင့် ကပြဖျော်ဖြေမှု။





ဆေးရောင်ခြယ်ပြိုင်ပွဲဝင် ကလေးငယ်နှင့် အရုပ်ဆက်ပြိုင်ပွဲဝင် ကလေးငယ်များကို တွေ့ရစဉ်။



ကလေးစာပေပွဲတော် အသိပညာပေးပြခန်းများ၌ ကြည့်ရှုလေ့လာနေသည့် ကျောင်းသားများ။



ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသည့် ကလေးငယ်များ။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့အတွက် ငွေပဒေသာပင်အလှူတော်ငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့အတွက် ငွေပဒေသာပင်အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဝိသုဒ္ဓက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ဩဝါဒကထာ မြွက်ကြားရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ပရိသတ်တို့က နာယူကြသည်။

ထို့နောက် နဂါးရစ်တောင်ဓမ္မပါလတောရကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ကိုယ်စား တပည့်ဒါယကာ ဦးဝင်းနိုင်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့အတွက် ငွေပဒေသာပင် အလှူတော်ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးကြည်မင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။ **သတင်းစဉ်**



# ဂျပန်နိုင်ငံ ရိုက်ကူးရေးအဖွဲ့ ပုဂံဒေသရှိ ရှုခင်းများနှင့် ယဉ်ကျေးမှုလက်ရာများကို ဓာတ်ပုံမှတ်တမ်းရိုက်ကူး



ဓမ္မရံကြီးဘုရားတွင် အဆိုတော် Ms. Millet Takayama အား ပိုစတာအတွက် ရိုက်ကူးနေစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၃

ဂျပန်နိုင်ငံမှ အဆိုတော် Ms.Millet Takayama နှင့် ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စူဠာမဏိစေတီ၊ ဓမ္မရံကြီးဘုရား၊ မင်းနန်သူကုန်းနှင့် လေးမျက်နှာဘုရားတို့တွင် နေထွက်ချိန်အလှ၊ မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့် ပတ်ဝန်းကျင် ရှုခင်းအလှများ ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က သရပါတံခါးနှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ မြင်းကပါ ကျေးရွာအနီးရှိ စေတီငယ်များ၊ ဧရာဝတီမြစ်ကမ်းရှိ ကျောက်မျက်မော်စေတီတို့တွင် နေဝင်ချိန်အလှနှင့် ဧရာဝတီမြစ်ရှုခင်းများကို ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထိုသို့ ရိုက်ကူးထားရှိမှုများကို ဂျပန်နိုင်ငံမှ အဆိုတော် Ms.Millet Takayama ၏ အယ်လ်ဘမ်အသစ်ပြုလုပ်ရာတွင် CD Cover နှင့် ပိုစတာတို့တွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စန်း (FDC)**

❑ *ကျောဖုံးမှ*

ယူ-၁၉ လက်ရွေးစင်အသင်း၏ လူငယ်အသင်းနေရာတွင် ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းက ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း ၂၀ ရှိသောကြောင့် တစ်ပတ်လျှင် ၁၀ ပွဲ ကျင်းပမည်ဖြစ်ပြီး စလင်း၊ တောင်ဒဂုံ၊ တက္ကသိုလ်၊ YUSC၊ ဗဟန်းကွင်းအပြင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ပါ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပွဲစဉ် (၁) အဖြစ် ဇန်နဝါရီ ၁၄ ရက်တွင် MFF Youth အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ စလင်းကွင်း၌ ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ ယောမြေအသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ဓွဲကပင်အသင်းနှင့် ရတနာပုံအသင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် စလင်းကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်း၊ တက္ကသိုလ်ကွင်း၌ စစ်ကိုင်းအသင်းနှင့် တက္ကသိုလ်အသင်း၊ YUSC ကွင်း၌ ရခိုင်အသင်းနှင့် Chinland အသင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် စလင်းကွင်း၌ မောရဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ တောင်ဒဂုံကွင်း၌ မကွေးအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဗဟန်းကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်မှ မေ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ MNL ယူ-၁၉ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက သုံးရာသီဆက်တိုက် ဗိုလ်စွဲထားသည်။

**ညီမြတ်သော်တာ**

❄ *ကျောဖုံးမှ*

အသင်းခေါင်းဆောင် သီဟစည်သူက “ကျွန်တော်တို့အသင်း အဝေးကွင်းမှာ သွားရောက်ကစားရပေမယ့် ဖိအားတော့မရှိပါဘူး။ ဆီရက်စ်အသင်းကို လေးစားမှုအပြည့်နဲ့ ယှဉ်ပြိုင်မှာ ဖြစ်သလို နည်းပြရဲ့ ညွှန်ကြားချက်အတိုင်း ကစားသမားတွေအားလုံး စည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်ကစားသွားမှာပါ” ဟု ပြောကြားသည်။

ဆီရက်စ်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မနီလာမြို့ရှိ ရီဇယ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းတို့သည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ၂၀၁၈ ပြိုင်ပွဲတွင် ပထမအကြိမ်တွေ့ဆုံစဉ်က ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဆီရက်စ်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် အစဉ်အလာကို ရပ်တန့်ရမည်ဖြစ်ပြီး ယခုအဆင့်တွင် အနိုင်ရပါက ဒုတိယအဆင့်တွင် ထိုင်းကလပ် Port အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**




၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်အဖြစ် ယှဉ်ပြိုင်ကစားမည့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ ဓာတ်ပုံ-ရှမ်းယူနိုက်တက်

# စပိန်စူပါဖလား ရီးရဲလ်မက်ဒရစ်ဗိုလ်စွဲ

စပိန်စူပါဖလား ၂၀၁၉-၂၀၂၀ ဗိုလ်လုပွဲတွင် မက်ဒရစ်မြို့ခံပြိုင်ဘက်နှစ်သင်းတွေ့ဆုံခဲ့ပြီး ရီးရဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေကျခဲ့ရာမှ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရီးရဲလ်မက်ဒရစ် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ရီးရဲလ်သည် ၄-၃-၂-၁ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး အက်သလက်တီကိုသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ နှစ်သင်းစလုံးသည် ဗိုလ်လုပွဲနှင့်အညီ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၉၀ အထိ ဂိုးမသွင်းယူနိုင်ခဲ့ဘဲ အချိန်ပိုထပ်မံကစားရာ ရီးရဲလ်ကစားသမား ဗယ်လ်ဗာဒီ ပွဲချိန် ၁၁၅ မိနစ်တွင် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့ဖြင့် ရီးရဲလ်အသင်း အချိန်ပိုပြီးဆုံးချိန်အထိ ထိန်းကစားနိုင်ခဲ့သည်။

အနိုင်အရှုံးမပေါ်၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ရီးရဲလ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကိုအသင်းသည် ဘာစီလိုနာကို ဖြတ်ကျော်ပြီး ဗိုလ်လုပွဲကို အကောင်းဆုံးခြေစွမ်းဖြင့် တက်ရောက်ခဲ့သလို ရီးရဲလ်မက်ဒရစ်သည်လည်း ဗလင်စီယာကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ နည်းပြ ဇီဒန်းသည် စပိန်စူပါဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး လာလီဂါဖလားတစ်ကြိမ်၊ ချန်ပီယံလိဂ် သုံးကြိမ်နှင့် ဥရောပစူပါဖလားနှစ်ကြိမ်၊ ကမ္ဘာ့ကလပ်ကို နှစ်ကြိမ်မြောက် ရရှိခဲ့သည်။ **သီဟ**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(မြန်အောင်မြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃ ၊ ၁၄ )ရက် ၊ ( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ပညာနေခြည်ခန်းမ ၊ အ.ထ.က(၂) ၊ မြန်အောင်မြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ညောင်တုန်းမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၁၅ ၊ ၁၆ )ရက် ၊ ( ဗုဒ္ဓဟူး ၊ ကြာသပတေး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
လှိုင်ပညာခန်းမ ၊ အ.ထ.က(၁) ၊ ညောင်တုန်းမြို့။

# ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၁၃**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်တို့တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ခပေါင်းကြိုးဝိုင်းအကွက်အမှတ် (၁၃၃၊ ၁၃၆၊ ၁၃၇၊ ၁၃၈၊ ၁၇၆) နှင့် ပန်းပဲတိုးချဲ့ကြိုးဝိုင်းတို့အတွင်း တရားမဝင်ကျွန်း/ပျဉ်းကတိုး ၅၃ ဒသမ ၈၃၈ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးတောင်ဦး ရွာအရှေ့ဘက် နှစ်ဖာလုံခန့်အကွာ၊ ချင်းတွင်းမြစ်ကမ်းဘေးနေရာမှ တရားမဝင်ကျွန်း/ အင်သစ် ၁၈ ဒသမ ၇ တန်၊ မော်လိုက်မြို့နယ် ဖုန်းသုန်းကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်း သစ် ၇ ဒသမ ၁၃၀ တန်၊ ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ဒေသအခေါ် ကြက်လွတ်ချောင်းဖျားနေရာမှ တရားမဝင် တောင်သရက်ခွဲသား ၁၃ ဒသမ ၇၆၉၈ တန်တို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒေါင်းဖိုးကွေ့မြောင်အနီး တောစပ်နေရာ၌ NISSAN Counter ယာဉ်ပေါ်မှ တရားမဝင် မျောက်ငို/ဆန်စေးခွဲသား ၄ ဒသမ ၀၂၈၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်း– ဂွကားလမ်းဘေး မိုင်တိုင်အမှတ်(၁၄/၀)နှင့် (၁၄/၁) ကြားနေရာ၌ ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင် တောင်သရက်ခွဲသား ၈ ဒသမ ၅၃၄၈ တန်အား ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၁-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – ရုပ်ရှင်ရာပြည့်(Promo)
- ၈:၄၀ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ“အမှတ်(၃)အထည်စက်ရုံ”(စစ်ကိုင်း)
- ၉:၁၅ – ရာဇဝင်ထဲကသမိုင်းအနုပညာ“ရှင်သန်နေဆဲ ဒြပ်မဲ့ယဉ်ကျေးမှုများ” (ရွှေဆိုင်းလုပ်ငန်း)
- ၉:၃၅ – မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၁:၃၅ – “မြင်တွေ့စေချင်ကယားတို့ဌာနေ”(ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ကျေးရွာ)
- ၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၄၀ – Yes or No Talk Show
- ၁၅:၃၅ – “အလှတို့ပေါင်းစုရာမြေ တောင်ပေါ်ဒေသနာဂမြေ”

**ညပိုင်း**

- ၁၆:၂၀ – အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဂျေယောဝူနှင့် တွေ့ဆုံမေးမြန်းခန်း
- ၁၇:၀၅ – ဒေသတစ်ခုထုတ်ကုန်တစ်မျိုး “သဘာဝကိုထုဆစ်ကြသူများ”(ကျောက်ပျဉ်လုပ်ငန်း)
- ၁၇:၂၀ – Myanmar Beyond the Headlines (Short Video)
- ၁၈:၂၅ – ဥပဒေစကားဝိုင်း“သက်ငယ်မုဒိမ်းအကြောင်းသိကောင်းစရာ”
- ၁၈:၅၀ – တက္ကသိုလ်ရာပြည့်ဂုဏ်ပြုတေးများ
- ၁၉:၅၀ – “စကားပြောတတ်သောနိုင်ငံတော်၏ ရှေးဟောင်းရတနာများ”
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100) +တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၂၀:၃၅ – သယံဇာတနှင့်တို့ဝန်းကျင် ထိန်းသိမ်းကြစို့ထာဝစဉ် “ကမ်းသာကို လှမ်းလာပါ”
- – နိုင်ငံခြားဇာတ်လမ်းတွဲ
- – ပြည်သူ့နီတိ“ငါသာလျှင်”

# လှိုင်သာယာမြို့နယ်အတွင်း လုယက်မှုနှင့် ခိုးမှုကျူးလွန်သူ နှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁၃**
လှိုင်သာယာမြို့နယ် (၁)ရပ်ကွက် ပိတောက်(၃)လမ်း အမှတ်(၂၀၂)နေ တရားလို မ-----သည် ဇန်နဝါရီ ၄ ရက် ည၇ နာရီခန့်က ၎င်း၏ခင်ပွန်းမောင်းနှင်သော ဆိုင်ကယ်နောက်တွင် လိုက်ပါလာစဉ် အမှတ်(၁/၁၀) ဈေးအရောက်တွင် အမျိုးသားနှစ်ဦးသည် ဆိုင်ကယ်တစ်စီးနှင့်အတူ နောက်မှလိုက်ပါလာ၍ ငွေကျပ် ၇၁၀၀၀၀၊ ဖုန်းတစ်လုံးနှင့် ရွှေနားဆွဲကြိုးနှစ်ဖက်ပါ ပိုက်ဆံအိတ်တစ်လုံးကို လုယူထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မရမ်းကုန်းမြို့နယ် ကုလားကျောင်းမှတ်တိုင်အနီး အောင်သိပ္ပံအပေါ်လမ်းမပေါ်တွင် ဆိုင်ကယ်နောက်ထိုင်စီးနင်းသူ ဇေယျာ(ခ)သူရကို ဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ပိုက်ဆံအိတ်နှင့်အတူ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေနှင့်အညီ အရေးယူပေးပါရန် လှိုင်သာယာမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် အမှုမှ ထွက်ပြေးလွတ်မြောက်သွားသူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇေယျာ(ခ)သူရ၏ ဦးလေး တော်စပ်သူ လှိုင်သာယာမြို့နယ်နေ ဝင်းထွန်းဝင်း(ခ)ဝင်းထွန်းအောင်(ခ) ရခိုင်ဖြစ်ကြောင်း သိရှိရသဖြင့် လိုက်လံရှာဖွေခဲ့ရာ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် လှိုင်သာယာမြို့နယ် (၈)ရပ်ကွက် မန္တလေးလမ်းနှင့် ဦးပုညလမ်းထောင့်တွင် ဖုန်းတစ်လုံး၊ ငွေကျပ် ၃၀၀၀၀၊ WY စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ စီးကရက် နှစ်လိပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဝင်းထွန်းဝင်း(ခ) ဝင်းထွန်းအောင်(ခ) ရခိုင်ထံမှ ဇေယျာ(ခ)သူရနှင့်အတူ လုယူရရှိခဲ့သည့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းခဲ့ပြီး ၎င်းတို့နှစ်ဦးကို အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်းရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် ဝန်ထမ်းကြီးများ အိမ်ရာပတ်လမ်းပေါ်တွင် အသက်(၂၀နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးမောင်းနှင်သည့် ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသော အမျိုးသမီးတစ်ဦးထံမှ ဖုန်းတစ်လုံးနှင့် (၁၉)ရပ်ကွက်အတွင်းရှိ လမ်းမဘေးတစ်ခုတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီး ဖြစ်၍ ပြစ်မှုကျူးလွန်သူ ဝင်းထွန်းဝင်း(ခ) ဝင်းထွန်းအောင်(ခ) ရခိုင်နှင့် ဇေယျာ(ခ)သူရတို့ နှစ်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေတာရှည်မြို့နယ်တွင် ဆေးလိပ်မီးမှတစ်ဆင့် ကြံစိုက်ခင်းများ မီးကူးစက်လောင်မှုဖြစ်ပွား

**ရေတာရှည် ဇန်နဝါရီ ၁၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာ ရေတာရှည်–ကရင်ချောင်း ကားလမ်းဘေးရှိ ကြံစိုက်ခင်းများကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က စွန့်ပစ်ခဲ့သော ဆေးလိပ်မီးမှတစ်ဆင့် မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ကြောင်း သတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အေးထွန်း ဦးစီးအဖွဲ့သည် မြို့နယ်မီးသတ် ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ရေတာရှည်–ကရင်ချောင်းကားလမ်း မိုင်တိုင် ၃/၁ အနီး လမ်းမြောက်ဘက် ၁၅ ပေခန့်၊ ပီတူးကျေးရွာအုပ်စု ကွင်းအမှတ် ၆၅၂ ရှိ ကြံစိုက်ခင်းများ မီးလောင်ခဲ့ခြင်းဖြစ်ပြီး တောင်သူ ခြောက်ဦးပိုင်ဆိုင်သော ကြံစိုက်ခင်း ၁၆ ဧက ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၇၂) ရပ်ကွက် အောင်သပြေလမ်း အိမ်အမှတ်–မ/၁၀၃၅(က) နေ အောင်ဇေယျာမြင့်(ခ) ဘယ်ကျော်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဇော်အောင်(ခ) ဆရာလေး၊ ဒေါ်ခင်မြင့်ချို၊ နိုင်ဝင်းထွန်းတို့အား တွေ့ရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဖုန်း သုံးလုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ အဆိုပါနေအိမ်ရှေ့သို့ လွင်ကိုကိုလတ်(ခ)အာဇန်း မောင်းနှင်ပြီး ကျော်သူရနှင့် ချစ်ထွေးတို့ လိုက်ပါလာသည့် ယာဉ် ရောက်ရှိလာပြီး စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေဦးမြို့နယ်၌ မိခင်ဖြစ်သူနှင့် စကားများပြီး နေအိမ်ကိုမီးရှို့သဖြင့် မီးလောင်မှုဖြစ်ပွား

**ရွှေဦး ဇန်နဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဦးမြို့နယ် မြင်းမြေကျေးရွာတွင် ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီခွဲခန့်က ရွှေဦးမြို့နယ် နေပူကုန်းကျေးရွာအုပ်စု မြင်းမြေကျေးရွာနေ ဝင်းဇော်ဦး (၃၃ နှစ်) သည် မိခင်ဖြစ်သူနှင့်စကားများပြီး ၎င်း၏ နေအိမ်ကို မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကျေးရွာနေပြည်သူ ၁၀၀ ခန့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းဇော်ဦးကို ရွှေဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



# မီးတောင်ပေါက်ကွဲပြီးနောက် ဖိလစ်ပိုင်လေကြောင်း ခရီးစဉ်များဖျက်သိမ်း

**မနီလာ ဇန်နဝါရီ ၁၃**

မနီလာမြို့အနီးရှိ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပြာမှုန်များ လေထုထဲသို့ လွင့်စဉ်လာသည့်အတွက် ဖိလစ်ပိုင်သို့ပျံသန်းမည့်ခရီးစဉ်၊ ဖိလစ်ပိုင်မှ ပျံသန်းမည့်ခရီးစဉ်အချို့နှင့် ဂူအမ်သို့ ပျံသန်းမည့် ခရီးစဉ်များကို ဖျက်သိမ်းထားကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုမှာ ဇန်နဝါရီ ၁၂ ရက်က မြို့တော်မနီလာတောင်ဘက် ကီလိုမီတာ ၆၀ အကွာရှိ Taal မီးတောင် ဇဟိုမှ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်ဟု ဖိလစ်ပိုင်လျှင်နှင့် မီးတောင်လေ့လာရေး အင်စတီကျု့က ပြောသည်။


မီးတောင်ပေါက်ကွဲမှုကို ကြည့်ရှုနေကြသည့် ဒေသခံများကို တွေ့ရစဉ်။

လာမည့်ရက် အနည်းငယ်အတွင်း နောက်ထပ်ပေါက်ကွဲမှု အကြီးစား ဖြစ်လာနိုင်သေးကြောင်းလည်း သတိပေးထားသည်။ ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့သည်ဟု မကြားသိရချေ။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးများမှာ မီတာ ၁၅၀၀၀ ဝန်းကျင်သို့ မြင့်တက်သွားခဲ့သည်။

မီးတောင်ပြာများသည် မနီလာမြို့ အနီးပတ်ဝန်းကျင်ထိတိုင် ရောက်ရှိခဲ့သည်။ ဇန်နဝါရီ ၁၃ ရက်နံနက်ပိုင်းတွင် မီးတောင်ဝမှ ချော်ရည်များ ပန်းထွက်လာခဲ့သည်။ မနီလာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇန်နဝါရီ ၁၃ ရက်အတွက် လေကြောင်းခရီးစဉ် ၂၄၀ ခန့်ကို ဖျက်သိမ်းထားခဲ့သည်။ ပြေးလမ်းပေါ်မှ ပြာများကို ဖယ်ရှားမှုများ လုပ်ဆောင်ရဦးမည်ဖြစ်သဖြင့် နောက်ထပ်ခရီးစဉ်များလည်း ဖျက်သိမ်းနိုင်သေးကြောင်း လေဆိပ် အော်ပရေတာက ခန့်မှန်း ထားသည်။

ဂူအမ်ရှိ လေဆိပ်တွင်လည်း ပြေးလမ်းတွင် ပြာများစုပုံနေသည့်အတွက် လေကြောင်းခရီးစဉ် ၁၄ ခုကိုဖျက်သိမ်းခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု စာချုပ်ချုပ်

**ဂျကာတာ ဇန်နဝါရီ ၁၃**

အင်ဒိုနီးရှားနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများအပါအဝင် အမေရိကန်ဒေါ်လာ ၂၃ဘီလီယံနီးပါးတန်ဖိုးရှိသည့် လုပ်ငန်းရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် အဘူဒါဘီရှိ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဇာရက်တို့ ပြီးခဲ့သည့် ရက်သတ္တပတ်က တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် သဘောတူစာချုပ်အများအပြားကို လက်မှတ်ရေးထိုးခဲ့ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။


အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် အဘူဒါဘီ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဇာရက်တို့ကို တွေ့ရစဉ်။

ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ အမေရိကန်ဒေါ်လာ ၁၂ဒသမ ၆ ဘီလီယံခန့်ကို အနောက် ဂျာဗားရှိ ရေနံဓာတု စက်ရုံတစ်ခု ဆောင်ရွက်ရန် အင်ဒိုနီးရှားနိုင်ငံပိုင် စွမ်းအင်ကုမ္ပဏီ ပတ်တမီနာနှင့် အဘူဒါဘီ အမျိုးသားရေနံကုမ္ပဏီတို့အကြား သဘောတူညီထားကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အခြားသော ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများမှာ ဆိပ်ကမ်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် စိုက်ပျိုးရေးကဏ္ဍများဖြစ်သည်။ အင်ဒိုနီးရှားသမ္မတက ၎င်း၏ ဒုတိယသက်တမ်းအတွင်း အရှေ့တောင်အာရှနိုင်ငံ၏ အကြီးဆုံး စီးပွားရေးဈေးကွက်၌ ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်စေရေး ပိုမိုဆွဲဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့တွေ့ဆုံ

**ရီယာ့ဒ် ဇန်နဝါရီ ၁၃**

ဂျပန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အရှေ့အလယ်ပိုင်းဒေသတွင် နိုင်ငံရေးအရ တင်းမာမှုများ လျှော့ချနိုင်ရေး ဆွေးနွေးရန်အတွက် ဆော်ဒီအိမ်ရှေ့မင်းသားနှင့်တွေ့ဆုံခဲ့သည်။ မစ္စတာရှင်ဇိုအာဘေးနှင့် အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်တို့သည် ဇန်နဝါရီ ၁၂ ရက်က ဆော်ဒီအာရေဗျ အနောက်မြောက်ပိုင်းမြို့ဖြစ်သည့် အယ်အူလာတွင် တွေ့ဆုံခဲ့ကြသည်။

ထို့အပြင် မစ္စတာ အာဘေးသည် ဆော်ဒီဘုရင် ဆယ်မန်ဘင် အဗ္ဗဒူလာဇစ်နှင့် မြို့တော်ရီယာ့ဒ်တွင်လည်း တွေ့ဆုံခဲ့ကြသည်။ အိမ်ရှေ့မင်းသားနှင့် တစ်နာရီကြာတွေ့ဆုံခဲ့ပြီး မစ္စတာအာဘေးမှာ ဆော်ဒီအမျိုးသားဝတ်စုံကို ဝတ်ဆင်ခဲ့သည်။ အီရန်အရေးအပါအဝင် အရှေ့အလယ်ပိုင်းဒေသစစ်ရေး ပြဿနာများမှာ ကမ္ဘာကြီးကိုလှုပ်ခတ်နိုင်ကြောင်း မစ္စတာ အာဘေးက ပြောသည်။ နောက်ထပ် စစ်ရေးအရ တင်းမာမှုများကို ရှောင်ရှားရန် ဆော်ဒီအာရေဗျ၏ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုများကို ချီးမွမ်းပြောဆိုခဲ့သည်။

ဂျပန်နိုင်ငံဘက်မှလည်း အတတ်နိုင်ဆုံး သံတမန်ရေးရာအရ ဆောင်ရွက်သွားမည်ဟု ထပ်မံပြောကြားခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများကို အရှိန်လျှော့စေရေး အခြားသောနိုင်ငံများမှလည်း ကြိုးပမ်းကြရန် တိုက်တွန်းခဲ့သည်။ အိမ်ရှေ့မင်းသားကလည်း ဂျပန်နိုင်ငံ၏သံတမန်ရေးအရ ဆောင်ရွက်မှုကို ကျေးဇူးတင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုမှာ တစ်ကမ္ဘာလုံးအတွက် ဆိုးရွားသည့်အကျိုးသက်ရောက်မှု ရှိစေသည့်အတွက် ဆွေးနွေးညှိနှိုင်းကြရန် တောင်းဆိုခဲ့သည်။ **ဆင်ဟွာ**

# သီရိလင်္ကာတွင် လူနှင့် ဆင်တို့ကြား ပဋိပက္ခများ ဖြေရှင်းနိုင်ရန်အတွက် အရပ်ဘက်ကာကွယ်ရေးတပ်များ ချထား

**ကိုလံဘို ဇန်နဝါရီ ၁၃**

သီရိလင်္ကာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပသည့် အစိုးရအဖွဲ့အစည်းအဝေး၌ လူနှင့်ဆင်တို့ ပဋိပက္ခအများဆုံး ဖြစ်ပွားသည့်ဒေသများတွင် အရပ်ဘက် ကာကွယ်ရေးတပ်သားသစ်များ ပိုမိုစုဆောင်းသွားရန် သဘောတူခဲ့သည်။

သေဆုံးမှုများကိုလျှော့ချနိုင်ရေး ရည်ရွယ်ချက်ဖြင့် ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လူနှင့်ဆင်များ နေထိုင်မှုများပြားသည့် ဒေသများမှ တပ်သားသစ် ၂၅၀၀ ခန့်ကို စုဆောင်းသွားမည်ဟုလည်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ လက်ရှိအခြေအနေများကို ပြန်လည်ထိန်းသိမ်းနိုင်ရေး တရုတ်နိုင်ငံ၏ အကူအညီဖြင့်ခိုင်မာသည့်ခြံစည်းရိုးများ တည်ဆောက်သွားမည်ဟုလည်း သိရသည်။ ထို့အပြင် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့မှ အရာရှိရှစ်ဦးကိုလည်း ဆင်များကိုခြောက်လှန့်ရာတွင် အသုံးပြုရန် သေနတ် ငါးလက်ပေးထားမည်ဖြစ်သည်။ အကယ်၍ ဆင်များသည် လူများနေထိုင်ရာအရပ်သို့ ဝင်ရောက်လာပါက ခြောက်လှန့်ပစ်ခတ်ရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ ဆင်သေဆုံးမှုနှုန်း အမြင့်ဆုံးနှင့် ကြုံတွေ့ခဲ့ရသည်။ ဆင်ကောင်ရေပေါင်း ၃၆၁ ကောင်သေဆုံးခဲ့ရသည်ဟု သဘာဝပတ်ဝန်းကျင်လေ့လာမှုဌာနမှ လွန်ခဲ့သည့်သီတင်းပတ်တွင် ပြောကြားခဲ့သည်။ လူနှင့်ဆင်တို့ကြား ပဋိပက္ခကြောင့် လူပေါင်း ၁၀၀ခန့် အသက်သေဆုံးခဲ့ရသည်ဟု တောရိုင်းတိရစ္ဆာန်ဝန်ကြီးဌာနက ပြောသည်။ ဆင်သေဆုံးမှုနှုန်း ထိန်းချုပ်နိုင်ရေးအတွက် အစိုးရအနေဖြင့် လုပ်ဆောင်ပေးရန် အရာရှိများက တောင်းဆိုခဲ့ကြသည်။ သီရိလင်္ကာတွင် တောရိုင်းဆင်များကို သတ်ဖြတ်ပါက သေဒဏ်အထိ အပြစ်ပေးနိုင်သည်။ သို့သော် ဒေါသထွက်နေသည့်ရွာသားများသည် တောရိုင်းဆင်များကို အဆိပ်ခတ်ခြင်းနှင့် ပစ်ခတ်ခြင်းများ ပြုလုပ်ကြသည်။

**ဆင်ဟွာ**

# ကင်ညာကျောင်းတစ်ကျောင်းကို ဂျီဟတ်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ကျောင်းဆရာသုံးဦး သေဆုံး

**နိုင်ရိုဘီ ဇန်နဝါရီ ၁၃**

ကင်ညာနိုင်ငံအရှေ့ပိုင်းရှိ မူလတန်းကျောင်းတစ်ကျောင်းကို အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ ဖြစ်ဖွယ်ရှိသည့် အစ္စလာမ္မစ် ဂျီဟတ် စစ်သွေးကြွအဖွဲ့က တိုက်ခိုက်ခဲ့ရာ ကျောင်းဆရာသုံးဦး သေဆုံးခဲ့ပြီး တခြားတစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စစ်သွေးကြွများသည် ဂါရီဆာမြို့ တောင်ဘက်မှ ကီလိုမီတာ ၄၀အကွာခန့်ရှိ ကာမူသီ၌ ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုအတွင်း ရဲစခန်းတစ်ခုကိုလည်း မီးရှို့ခဲ့ပြီး ဆက်သွယ်ရေးတာဝါတိုင်တစ်ခုကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း သိရ သည်။

စစ်သွေးကြွအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကာမူသီ မူလတန်းကျောင်း၊ ကာမူသီ ရဲစခန်းနှင့် ဆက်သွယ်ရေးတာဝါတိုင်တို့ကို ဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကာ ကျောင်းဆရာ သုံးဦးကို သတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆက်သွယ်ရေးတာဝါတိုင် ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သော်လည်း အသုံးပြု၍ရသေးကြောင်း သိရသည်။

အသတ်ခံခဲ့ရသည့် မူလတန်းကျောင်းမှ ကျောင်းဆရာသုံးဦးတို့မှာ အဆိုပါ ဒေသမှမဟုတ်ကြောင်းနှင့် ဒေသခံကျောင်းဆရာတစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်တစ်ခုက ပြောသည်။

ယခုနှစ် အစပိုင်းမှစတင်ကာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်သည့် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့သည် ဆိုမာလီနယ်စပ်တစ်လျှောက်ရှိ ကင်ညာအရှေ့ပိုင်းကို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ကင်ညာရဲတပ်ဖွဲ့က လုံခြုံရေးသတိပေးနှိုးဆော်မှုများ ပိုမိုလုပ်ဆောင်ခဲ့ရသည်။

**အေအက်ဖ်ပီ**


ကင်ညာအရှေ့ပိုင်းတွင် တိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့။

# ရာသီဥတုဆိုင်ရာ တိုက်ပွဲတွေ ဖြစ်ပွားလာမယ့် ၂၀၂၀

ထွန်းသစ်စ

ဩစတြေးလျတောမီးနဲ့ အမေဇုန်တောမီးအပါအဝင် လူသားတွေကြောင့်နဲ့ သဘာဝတရားတွေရဲ့ ဖောက်ပြန်မှုတွေကြောင့် ဒီနေ့ကမ္ဘာကြီးဟာ တဖြည်းဖြည်းနဲ့ ဆိုးရွားလာတဲ့အနေအထားကို ရောက်နေပါတယ်။ ထို့အတူ ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေကို ချက်ချင်းမရပ်တန့်ဘူးဆိုရင် ကမ္ဘာကြီးဟာ ရာသီဥတုဘေးအန္တရာယ်ကို ခံစားရမယ်လို့ နှစ်စဉ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အကဲဖြတ်မှတ်တမ်းမှာ ကုလသမဂ္ဂက ပြောခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အမျိုးမျိုးသော ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို မလျှော့ချဘူးဆိုရင် ကမ္ဘာကြီးဟာ အနေးနဲ့အမြန် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မယ့်အနေအထားပါ။

### ကာဗွန်ကင်းစင်တဲ့ ကမ္ဘာကြီး

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်က ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို တစ်နှစ်ချင်းစီအလိုက် ၇ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချရမယ်လို့ ဆိုပါတယ်။ လျှော့ချရုံနဲ့တင်မပြီးဘဲ အဲဒီနှုန်းအတိုင်း ၂၀၃၀ အထိလုပ်ဆောင်ရမှာ ဖြစ်ပါတယ်လို့ အဲဒီအဖွဲ့က ပြောပါတယ်။ အဲဒီလို လုပ်ခြင်းဟာ ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဆဲလ်စီးရပ်ပမာဏမြင့်တက်လာမှုကို ကန့်သတ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဒီလိုမှမဟုတ်ပါက ကမ္ဘာကြီးဟာ တစ်နေ့တခြား ပိုပူလာမှာပဲ ဖြစ်ပါတယ်။

### တကယ့်လက်တွေ့မှာတော့ လွန်ခဲ့တဲ့

ဆယ်စုနှစ်ကစပြီး ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ နှစ်စဉ်နှစ်တိုင်း ၁ ဒသမ ၅ ရာခိုင်နှုန်းထက်ပိုခဲ့ပါတယ်။ အကျိုးဆက်အားဖြင့် ၂၀၁၈ ခုနှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ သို့မဟုတ် ၎င်းနဲ့တူတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွေဟာ ၅၅ ဒသမ ၃ ဘီလီယံတန်အထိ စံချိန်တင် ရောက်ရှိခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၉၅ နိုင်ငံက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး သုံးနှစ်အကြာမှာ အဲဒီလို စံချိန်တင်ရောက်ရှိခဲ့တာပဲ ဖြစ်ပါတယ်။ ပါရီသဘောတူညီချက်ဟာ အပူချိန်မြင့်တက်နေမှုတွေကို စက်မှုမတိုင်မီ အဆင့်ဖြစ်တဲ့ ၂ ဒီဂရီစင်တီဂရိတ် အဲဒီထက် ပိုပြီးအန္တရာယ်ကင်းတဲ့အဆင့်ဖြစ်တဲ့ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အဆင့်အထိ လျှော့ချဖို့ နိုင်ငံတွေကို ကတိပေးထားပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် နိုင်ငံတွေအနေနဲ့ ဆယ်စုနှစ်အတွင်း ဓာတ်ငွေ့ ထုတ်လွှတ်မှုတွေ လျှော့ချဖို့ လိုအပ်ပြီး ကာဗွန်ကင်းစင်တဲ့ သို့မဟုတ် လျှော့နည်းသွားတဲ့ ကမ္ဘာကြီးဆီကို ချီတက်ဖို့ အတူတကွ ကြိုးစားကြရမှာပဲဖြစ်ပါတယ်။

### အလှမ်းဝေးသွားမယ်

အပူချိန်မြင့်တက်နေမှုတွေကို ၁ ဒသမ ၅ အဆင့်အထိလျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်ဟာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လောင်စာဆီနဲ့ ဓာတ်ငွေ့သုံးစွဲမှုမြင့်တက်လာတဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေမှာ အခုကိစ္စဟာ ကြုံတောင့်ကြုံခဲကိစ္စတစ်ခုလို့ ရှုမြင်မိပါတယ်။

ကမ္ဘာ့နိုင်ငံတွေဟာ ပါရီ သဘောတူညီချက်မှာ ပေးခဲ့တဲ့ကတိတွေအတိုင်း ကောင်းစွာ စောင့်ထိန်းအကောင်အထည်ဖော်မယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ အပူချိန်အဆင့်အောက်မှာပဲ ဆက်လက်ရှိနေမယ့် သဘောကိုလည်း တွေ့ရပါတယ်။ လက်ရှိ ပါရီ သဘောတူညီချက်ကိုသာ အကောင်အထည်မဖော်နိုင်သေးဘူးဆိုရင် ကမ္ဘာကြီးဟာ အပူချိန် ၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်မြင့်တက်လာမယ့် အခြေအနေဖြစ်ပါတယ်။ အဲဒီအခြေအနေဟာ သိပ္ပံပညာရှင်တွေခန့်မှန်းပုံအရဆိုရင် လူ့အသိုင်းအဝိုင်းကြီးကို ဘေးအန္တရာယ်ဖြစ်စေမယ့် အနေအထားဖြစ်ပါတယ်။




ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ဆန္ဒပြနေကြစဉ်။

မိမိတို့အနေနဲ့ ကမ္ဘာ့ရာသီဥတုဘေးအန္တရာယ်အပေါ်နဲ့ ကမ္ဘာ့ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ် သတ်မှတ်ထားတဲ့ပမာဏအထိ သိသိသာလျှော့ချမယ့် အရေးယူဆောင်ရွက်မှုတွေ ချက်ချင်းမလုပ်ဘူးဆိုရင်တော့ မိမိတို့ ရည်မှန်းထားတဲ့ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အလှမ်းဝေးသွားမှာပဲဖြစ်ပါတယ်လို့ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်ရဲ့ အမှုဆောင် ညွှန်ကြားရေးမှူး အန်ဒါဆန်က ပြောပါတယ်။

ဆယ်နှစ်မြောက်သို့ ဝင်ရောက်လာပြီဖြစ်တဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှု ကွာဟချက် အစီရင်ခံစာမှာတော့ အစိုးရရဲ့ အရေးယူဆောင်ရွက်မှု ပျက်ကွက်ခြင်းတွေကို ဖော်ပြထားပါတယ်။ သိသာတဲ့ ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို ၂၀၁၀ ပြည့်နှစ်လောက်မှာ စတင်ခဲ့ကြပါတယ်။ အဲဒီအချိန်ဟာ နှစ်စဉ် ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို လျှော့ချဖို့ အငြင်းပွားနေတဲ့ ကိုပင်ဟေဂင်အစည်းအဝေးပြီးသွားပြီးတဲ့အချိန်ပဲ ဖြစ်ပါတယ်။

နိုင်ငံများကြား အကြံပြုဆွေးနွေးမှုများ ကွာခြားလျက်ရှိသော်လည်း အဓိကလုပ်ဆောင်ရမယ့်ဟာကတော့ ရှင်းပါတယ်။ အဲဒါကတော့ ကျောက်မီးသွေးအသုံးပြုမှု လုံးဝရုပ်သိမ်းရေး၊ လောင်စာဆီနှင့် ဓာတ်ငွေ့အသုံးပြုမှု လျှော့ချရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်ကို အံ့ဩဖွယ်ဖြစ်အောင် အမြန်တည်ဆောက်ရေးစတဲ့ ကိစ္စတွေကို လုပ်ဆောင်သွားရမှာပဲဖြစ်ပါတယ်။ ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို မလုပ်ဘဲ နှောင့်နှေးကြန့်ကြာနေတဲ့ ဆယ်နှစ်ဆိုတဲ့အချိန်ဟာ ယနေ့ကျွန်တော်တို့ ရာသီဥတုဆိုင်ရာ ဘေးဒုက္ခတွေကို ရင်ဆိုင်နေရတဲ့ အခြေအနေတွေဆီကို တွန်းပို့နေတယ်လို့ အန်ဒါဆန်က ပြောပါတယ်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို အကြီးစားလုပ်နေတဲ့ စက်ရုံလုပ်ငန်းရှင်ကြီးတွေအနေနဲ့လည်း ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်အတိုင်းသာ လုပ်ဆောင်သင့်တယ်လို့ အဲဒီဓာတ်ငွေ့ထုတ်လွှတ်မှုကွာဟချက် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ စက်မှုထိပ်သီးနိုင်ငံ ၂၀ အနေနဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေရဲ့ ၇၈ ရာခိုင်နှုန်း လောက်ထုတ်လုပ်ကြသော်လည်း ဒီအရေးမှာ ဖင့်လေးနေတဲ့ သဘောကို တွေ့ရပါတယ်။ စက်မှု ထိပ်သီးနိုင်ငံအနက် ၁၅ နိုင်ငံခန့်သာ ပိုလည်းမပို လိုလည်းမလိုဘဲ ပကတိအခြေအနေအတိုင်းရောက်အောင် ကြိုးစားနေကြပါတယ်။

### ဝိုင်းဝန်းထိန်းသိမ်း

ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ သူတို့ရဲ့ ဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့ လိုလာပြီဖြစ်ပါတယ်။ နှစ်တိုးပြောင်းလဲမှုလေး လုပ်ဆောင်နေရုံနဲ့ အလုပ် ဖြစ်မှာမဟုတ်ဘဲ ၁၀ နှစ်အတွင်းမှာ လူ့ဘောင်အဖွဲ့အစည်းကြီး တစ်ခုလုံး ပြောင်းလဲလုပ်ဆောင်ဖို့လိုလာပြီဖြစ်တယ်လို့ ရာသီဥတုဆိုင်ရာ ဦးဆောင်စာရေးဆရာတစ်ဦးဖြစ်တဲ့ ဂျွန်ခရစ်စတင်ဆန်က ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်ဟာ ရာသီဥတုဆိုင်ရာ တိုက်ပွဲဖြစ်ပွားမယ့် သမိုင်းဆိုင်ရာပြောင်းလဲမှုနှစ်တစ်နှစ်ဖြစ်လာလိမ့်မယ်လို့ ရာသီဥတုဆိုင်ရာ ဥရောပကွန်ရက် ညွှန်ကြားရေးမှူး ဝမ်ဒယ်ထရိုင်ယိုက ပြောပါတယ်။

လူသန်းပေါင်းများစွာတို့ ရာသီဥတုဆိုင်ရာအတွက် လမ်းပေါ်ထွက် ဆန္ဒပြမှုတွေ ပြုလုပ်မှသာလျှင် နိုင်ငံရေးသမားတွေအနေနဲ့ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တွေရဲ့ ပြောဆိုချက်အတိုင်း လိုက်ပါလုပ်ဆောင်စေလာမယ်ဖြစ်တယ်လို့ ထရိုင်ယိုက ဆက်လက်ပြောပါတယ်။

ဒီအဆိုကို ဂရီတာသွန်းဘာ့ဂ်ျက သက်သေပြသနေသလိုပါပဲ။ အခုဆိုရင် ရာသီဥတုနဲ့ဆိုင်တဲ့ ဆန္ဒပြမှုတွေဟာ ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့ခဲ့ပါပြီဖြစ်သလို ဝိုင်းဝန်းထိန်းသိမ်းဖို့လည်း လိုအပ်လာပြီဖြစ်ပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### တောင်အာဖရိကတွင် လေယာဉ်ပျက်ကျမှုကြောင့် လူနှစ်ဦးသေဆုံး

**ကိပ်တောင်း ဇန်နဝါရီ ၁၃**

တောင်အာဖရိကနိုင်ငံ ဂေါက်တင်းပြည်နယ် အယ်ကူဟူလန်နီး မြို့တွင် လူနှစ်ဦးလိုက်ပါလာသည့် လေယာဉ်ပျက်ကျမှုကြောင့် လူနှစ်ဦးစလုံး သေဆုံးခဲ့ရသည်ဟု မြို့တော် သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးဌာနက ဇန်နဝါရီ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်မှာ ဇန်နဝါရီ ၁၂ ရက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်သားများသည် အခင်း ဖြစ်ပွားရာ နေရာသို့ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း မြို့တော်သဘာဝဘေးနှင့်အရေးပေါ် စီမံခန့်ခွဲရေးဌာနမှပြောရေးဆိုခွင့်ရှိသူ ဝီလီယံနက်လာဒီက ပြောသည်။ ဆေးအဖွဲ့နှင့် ကယ်ဆယ်ရေးလုပ်သားများရောက်ရှိချိန်တွင် လူနှစ်ဦးစလုံးကို အပျက်အစီးများကြားတွင် တွေ့ရကြောင်း၊ လေယာဉ်ပျက်မကျမီ မြေပြင်ပေါ်သို့ ဆင်းသက်နိုင်ရန် ကြိုးပမ်းခဲ့ဟန်တူကြောင်းကိုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သေဆုံးသွားသူနှစ်ဦး၏ ကိုယ်ရေးအချက်အလက်ကိုမူ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ လေယာဉ်ပျက်ကျရသည့်အကြောင်းကို လေကြောင်းပျံသန်းရေးအာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်နေပြီဖြစ်သည်။ **ဆင်ဟွာ**

### တရုတ်နိုင်ငံ၌ မသန်စွမ်းသူများ ထောက်ပံ့ကြေးလျှောက်ထားနိုင်ရေး အွန်လိုင်းဝန်ဆောင်မှုပေး

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံ၌ မသန်စွမ်းသူတစ်ဦးချင်းစီအတွက် မသန်စွမ်းလက်မှတ်နှင့် ထောက်ပံ့ကြေးငွေများကို လျှောက်ထားနိုင်စေရေး ဆောင်ရွက်ပေးမည့် အွန်လိုင်းဝန်ဆောင်မှုအသစ်တစ်ရပ်ကို နိုင်ငံတော်ကောင်စီပိုင် တရားဝင် Wechat အကောင့်က ဇန်နဝါရီ ၁၃ ရက်တွင် ကြေညာခဲ့သည်။

ထောက်ပံ့ကြေးငွေ လျှောက်ထားရန် လိုအပ်သည့် အချက်အလက်တစ်ခုအနေဖြင့် အသိအမှတ်ပြုလက်မှတ်လျှောက်ထားမှုတွင် မသန်စွမ်းသူများအနေဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်ထည့်သွင်းရန်နှင့် ၎င်းတို့၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှု အမျိုးအစားကို ရွေးချယ်ပြီး အွန်လိုင်းချန်နယ်မှတစ်ဆင့် ၎င်းတို့၏ ပရိုဖိုင်ပုံကို Upload တင်လိုက်ရုံသာဖြစ်ကြောင်း သိရသည်။

အွန်လိုင်းလျှောက်လွှာဖြည့်သွင်းမှုသည် အသုံးပြုသူများ လူကိုယ်တိုင် စာရွက်စာတမ်းများလာရောက်ဖြည့်သွင်းလျှောက်ထားရန် လိုအပ်သည့် ယခင်လျှောက်ထားမှုစနစ်နှင့်စာလျှင် ကြာချိန်ကို လျှော့ချသွားမည်ဖြစ်သည်ဟု ဆိုသည်။ အက်ပလီကေးရှင်းအသစ်များနှင့် မတူဘဲ အဆိုပါအွန်လိုင်းဝန်ဆောင်မှုစနစ်က အသိအမှတ်ပြုလက်မှတ် ပြန်လည်အစားထိုးခြင်း၊ အသိအမှတ်ပြုလက်မှတ်ပျောက်ဆုံး ပျက်စီးခြင်းအတွက် အသိပေးခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ် ပြုပြင်မွမ်းမံခြင်းကဲ့သို့သော ဝန်ဆောင်မှုများကိုပါ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆင်ဟွာ**

# မြန်မာ-နီပေါ သံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့်နှင့် မြန်မာ-နီပေါခရီးသွားသံတမန်များခန့်အပ်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဗိုလ်ချုပ်ပန်းခြံရှိ ရေပေါ်အားကစားကွင်း၌ ယမန်နေ့က မြန်မာ - နီပေါ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့်နှင့် ၂၀၂၀ နီပေါခရီးသွားနှစ် အထိမ်းအမှတ် မြန်မာ-နီပေါချစ်ကြည်ရေးနှင့် ခရီးသွားသံတမန်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘင်းကေအူးဒက်စ်၊ ပုလဲကျန်းမာရေးအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နီပေါသံအမတ်ကြီးက ယခုကျင်းပသော အခမ်းအနားသည် နီပေါနိုင်ငံနှင့် မြန်မာနိုင်ငံတို့ သံတမန်ဆက်သွယ်မှုနှစ်(၆၀)ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် နီပေါနိုင်ငံ၏ ခရီးသွားနှစ်၂၀၂၀ အတွက် မြန်မာ - နီပေါ ခရီးသွားသံတမန်ခန့်အပ်ပွဲ ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်ရှိရာ နီပေါနိုင်ငံသည် သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ ကမ္ဘာပေါ်တွင်အမြင့်ဆုံးဖြစ်သော ဧဝရတ်တောင်တို့ကို ပိုင်ဆိုင်ထားပြီး လည်ပတ်စရာကောင်းသောနိုင်ငံများတွင် နီပေါနိုင်ငံပါဝင်သည့်အတွက် မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် သွားရောက်လည်ပတ်သင့်ကြောင်းနှင့် အရေအတွက် များများသွားရောက်လည်ပတ်နိုင်ရန် ရည်ရွယ်၍ ယခုပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုဆိုလျှင် နီပေါနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးကို တည်ဆောက်နေရာ မကြာမီ ပြီးစီးတော့မည်ဖြစ်၍ အချိန်အနည်းငယ်အတွင်း ကုန်ကျစရိတ်နည်းနည်းနှင့် သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့က မြန်မာ-နီပေါချစ်ကြည်ရေးနှင့် ခရီးသွား သံတမန်များဖြစ်သည့် ဦးအိုက်ထွန်း၊ ဒေါ်နီနီနှင့် သရုပ်ဆောင်ယွန်းယွန်းတို့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ခရီးသွားသံတမန်တစ်ဦးဖြစ်သူ ဒေါ်နီနီအား ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။

# ကေ ၁၆၈၀၀ အတွက် ပေးဝေနိုင်မည့် ဖြူးချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ် တည်ဆောက်လျက်ရှိ

**ပဲခူး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်တို့သည် ဖြူးမြို့နယ်အတွင်း တည်ဆောက်နေသည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းခွင် ဆောင်ရွက်နေမှုကို ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကိုကိုဦးတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေး၊ တည်ဆောက်တူးဖော်ခြင်း လုပ်ငန်းအရည်အသွေး ပြည့်မီအောင်စနစ်တကျကြီးကြပ်ဆောင်ရွက်ရေးနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းသည် ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၁၁၅) ၏အနောက်ဘက် ၅ မိုင်ခန့်အကွာတွင် တည်ရှိပြီး ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ စီမံကိန်းလျာထား ရေသောက်ဧရိယာ ၉၀၀၀၀ ကေကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီ ၁၂၀ သန်း ထုတ်လုပ်သွားနိုင်ရန်အပြင် စစ်တောင်းမြစ် ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရန် စသည့် လူမှုစီးပွားဘဝဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေရန်ရည်ရွယ်၍ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ၁၉၆၃ ခုနှစ်မှစတင်၍စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သော စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင်ပါဝင်သည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာတွင် စတင်အကောင်အထည်ဆောင်ရွက်ခဲ့ရာ ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်ဆိုင်ရာအဆောက်အအုံများနှင့် ရေလွှဲဆည်တို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် တည်ဆောက်ပြီးခဲ့ပြီးဖြစ်ကြောင်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများသာ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရသည်။ ဆောင်ရွက်ရန်ကျန်ရှိနေသည့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၂-၂၀၁၃ခုနှစ်တွင် ဆောင်ရွက်ခဲ့ရာ ခွဲဝေရန်ပုံငွေ အခြေအနေအရ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ၂၁ ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးခဲ့ပြီး စီမံကိန်းလျာထားဧရိယာကေ ၉၀၀၀၀ အနက် ကေ ၆၈၀၀ ကို ရေပေးဝေနိုင်ခဲ့သည်။

၂၀၁၉-၂၀၂၀ ပြည့်နှစ်ကုန်တွင် ရရှိသော ရန်ပုံငွေဖြင့် လုပ်ငန်းအားလုံးပြီးစီးပါက ကေ ၁၀၀၀၀ အတွက် ပိုမိုပေးဝေလာနိုင်မည်ဖြစ်ပြီး စုစုပေါင်း ကေ ၁၆၈၀၀ အား ဆည်ရေပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ပြောကြားသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဖြူးချောင်းဆည်ရေသောက်စနစ်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် သက်ကြီးအဘွားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဘိုးဘွားများအား ထောက်ပံ့

**ဘားအံ ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးအဘိုး အဘွား ၃၅၉ ဦးအား ယမန်နေ့က ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ပထမသုံးလပတ်ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၀၇၇၀၀၀၀ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ မြန်မာနိုင်ငံအမျိုးသားအဆင့်လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်၊ လူမှုကာကွယ်စောင့်ရှောက်ရေး ဦးစားပေးလုပ်ငန်းစဉ်(၈)ရပ်ထဲမှ အစီအစဉ်တစ်ရပ်အနေဖြင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အမှာစကားပြောကြားကာ အဘိုး အဘွားတစ်ဦးလျှင် တစ်လထောက်ပံ့ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၃၅၉ ဦးအား သုံးလစာထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၀၇၇၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

အခမ်းအနားသို့ တက်ရောက်လာသော အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးအဘိုးအဘွားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို လွိုင်ကော်မြို့ ကန္တရဝတီ ဂေါက်ကလပ် ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ပြည်နယ် ဝန်ကြီးချုပ်က (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲ အချိန်မီ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြသူများကို ကျေးဇူးတင်ရှိကြောင်း၊ ပြည်နယ်နေ့အထိမ်းအမှတ် ပွဲတော်တွင် ဂေါက်သီးရိုက်အားကစားကို ထည့်သွင်းနိုင်ခဲ့သည့်အတွက်လည်း ပိုမိုပြည့်စုံကောင်းမွန်ခဲ့ကြောင်း၊ ယခုလို ဂေါက်သီးရိုက်အားကစားပြိုင်ပွဲ ကျင်းပပေးနိုင်ခဲ့သည့်အတွက် ပြည်နယ်အတွက် သွေးသစ် အားကစားသမားများ ထွက်ပေါ်လာပြီး ယင်းတို့အနက် အမျိုးသမီးတစ်ဦးက ပထမဆုရရှိခဲ့သလို၊ အသင်းလိုက်ဆုရရှိခဲ့သည့်အတွက်ကိုလည်း ဂုဏ်ယူမိကြောင်း။

ယင်းတို့၏အားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုအရွေ့ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍများတွင်နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် နောင်လာနောက်သားများအတွက် အမွေကောင်းများ ပေးနိုင်အောင်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မနာလိုစိတ်၊ အာဃာတစိတ်များ မရှိရအောင်၊ မဖြစ်ရအောင်ပြောင်းလဲနိုင်ရမည်ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် တိုးတက်နိုင်ရန်အတွက် အားနည်းချက်များ၊ Mindset များကို ပြုပြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အားနည်းချက်များကို ပြုပြင်နိုင်အောင် ကြိုးပမ်းကြရန် ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဂေါက်သီးရိုက် အားကစားပြိုင်ပွဲမှတစ်ဆင့် မိမိတို့ပြည်နယ် တိုးတက် မြင့်မားရေးအတွက် ဆောင်ရွက်ပြီးမိမိတို့အကျိုး၊ ပြည်နယ်အကျိုးကို အကောင်းဆုံးပူးပေါင်းဖော်ဆောင်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကန္တရဝတီ ဂေါက်ကလပ်ဥက္ကဋ္ဌ ဦးဂျော့ချ်မျိုးမြင့်က ပြိုင်ပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုရအဖွဲ့အား ဆုချီးမြှင့်ပေးစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများသို့ ခရီးသွား ၂၀၀၀ ခန့်ဝင်ရောက်

မုံရွာ ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့အတွင်းရှိ နွယ်ငြိမ်းကျေးရွာနှင့် ဝက်လက်မြို့နယ်အတွင်းရှိ အင်ဒေါင်းကျေးရွာတို့ရှိ ရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း နေရာနှစ်ခုသို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည် ၁၉၇၆ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးထံမှ သိရသည်။

နွယ်ငြိမ်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် မြန်မာ့ရိုးရာ စဥ့်ထည်လုပ်ငန်းများကို အသေးစိတ်လေ့လာနိုင်မည်ဖြစ်ပြီး အင်ဒေါင်းရပ်ရွာအခြေပြု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းတွင် ဧရာဝတီလင်းပိုင်များကို လေ့လာနိုင်သည့်အပြင် ဧရာဝတီလင်းပိုင်နှင့် ဒေသခံရေလုပ်သားများ ပူးပေါင်းပြီး ငါးဖမ်းသည့်အလေ့အထကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။



ခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ရိုးတစ်လျှောက် ဧရာဝတီလင်းပိုင်များကို လေ့လာကြစဉ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့အတွင်းရှိ နွယ်ငြိမ်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသို့ ပြည်တွင်းခရီးသွား ၁၀၀ နှင့် ပြည်ပခရီးသွား ၆၂၇ ဦးသည် လည်းကောင်း၊ အင်ဒေါင်းရပ်ရွာအခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသို့ ပြည်တွင်းခရီးသွား ၈၃၄ ဦးနှင့် ပြည်ပခရီးသွားဧည့်သည်၄၁၅ ဦးတို့ ညအိပ်တည်းခိုလည်ပတ်ခဲ့ကြောင်း တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

## မန္တလေးမြို့၌ ကျင်းပမည့် ပွဲလမ်းများ

### တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူးပြိုင်ပွဲ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဦးဆောင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိမိုးလုံလေလုံ အားကစားကွင်း၌ ဇန်နဝါရီ ၁၄ ရက် မှ ၁၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲ

ဒုတိယအကြိမ် မြန်မာဂရပ်ဖစ်ဒီဇိုင်းပြပွဲကို မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ဇန်နဝါရီ ၁၇ ရက် မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆိုလာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူးပွဲတော်

မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် နှစ်သစ်ကူးပွဲတော်ကို ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးလမ်းလျှောက်ဈေးတွင် ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး ယဉ်ကျေးမှုအကအဖွဲ့များ၊ ရိုးရာအစားအသောက်များအား စတုဒိသာကျွေးမွေးဧည့်ခံခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

### ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ

(၁၈) ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ဇန်နဝါရီ ၁၆ ရက် မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း (ပြန်/ဆက်)

## ပြည်မြို့နယ်၌ လူမှုဖူလုံရေး အကျိုးခံစားခွင့်ပေးအပ်

ပြည် ဇန်နဝါရီ ၁၃

ပြည်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော လုပ်ငန်းခွင် ပြင်ပထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့သည့် Lotte Mgs Beverages Co., Ltd. မှ အာမခံအလုပ်သမား ဦးမြင့်ကြိုင်ဦး၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေများပေးအပ်ခြင်းကို ဇန်နဝါရီ ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ပြုလုပ်သည်။

အဆိုပါ သေဆုံးသူ၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀ ကို ၎င်း၏ညီဖြစ်သူ ဦးစန်းလွင်ဦး ထံ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်ကေသီခိုင်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရင်းနှီးမြှုပ်နှံမှုများအနက် မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံ

မန္တလေး ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ဒီဇင်ဘာလအထိ မန္တလေးတိုင်းဒေသကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုက ဒုတိယအများဆုံး ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၃ ဘီလီယံ (မြန်မာငွေ ၅၀ ဘီလီယံ) လောက် ရောက်နေပါပြီ" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်က ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းနှင့်အောက် လုပ်ငန်းများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်း ၆၀၀၀ နှင့်အောက် လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့်များ လျင်မြန်စွာ ထုတ်ပေးခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ဆွဲဆောင်လျက်ရှိသည်။

"ဒီနှစ်ထဲမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ Investment Promotion Committee (IPC) ကို ဖွဲ့စည်းထားပါတယ်။ IPC ရဲ့ ပထမအကြိမ် အစည်းအဝေးက စက်မှုလက်မှုလုပ်ငန်းတွေမှ ထုတ်လုပ်ရေးလုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့ဆက်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ဝင်ရောက်လာသည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးနိုင်ပြီး ဒေသခံများ၏ စားဝတ်နေရေး ပြေလည်စေမှုနှင့် ဒေသဖွံ့ဖြိုး တိုးတက်မှုများအတွက် များစွာ အထောက်အကူပြုကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၉ ခုမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇ ဘီလီယံဖြင့် လည်းကောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၇၉ ခုမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၅၂၄၉ ဒသမ ၅၈ ဘီလီယံဖြင့် လည်းကောင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ကုမ္ပဏီဥပဒေအသစ်ကို စတင်ကျင့်သုံးနေခြင်းကြောင့် အစိုးရသစ်လက်ထက် ယနေ့အထိ စီးဝင်မှုမှာ ၆၄ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် နှစ်ဆနီးပါး တိုးမြင့်စီးဝင်မှုရှိကြောင်း ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တင်ဇာလှိုင်(ပြန်/ဆက်)

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်းအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

မတ်လ ၂၂ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ် (ရန်ကုန်) ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်း၏စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲ၊ အသက် ၈၀ နှင့် အထက် သက်ကြီးအသင်းသားများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအတွက် ဦးရဲမြင့်ဖေ (စာတည်းမှူးချုပ်-ငြိမ်း၊ မြန်မာ့အလင်းသတင်းစာ) - ဆရာမ ဒေါ်စန်းစန်းဝေ မိသားစုက အလှူငွေကျပ်သုံးသိန်းတိတိကို ယမန်နေ့က ၎င်း၏ နေအိမ်တွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံယူခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

အေးသန်း(စိန်တုံးကြီး)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၀ | ကျပ် | ၉၈၀/၉၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၈၀ | ကျပ် | ၉၉၀/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၉၅ | ကျပ် | ၉၂၅/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၈၀ | ကျပ် | ၁၀၃၀/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၈၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၁ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၈ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၅ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၅ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၉၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ . ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၁၇၂၇ | ၁၉၀၀၁၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၈၉၇၈ | ၃၄၅၆၅၃၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၅၇ | ၁၂၇၁၇၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၅၁ | ၁၁၄၇၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၂၁ | ၅၉၈၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်

မောင်သာ (ရှေးဟောင်းသုတေသန)

**ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သည့် ပျူမြို့ဟောင်း သရေခေတ္တရာတည်ရှိသည့် ပြည်မြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသော မြို့တစ်မြို့ဖြစ်ကာ ပျူယဉ်ကျေးမှု အထောက်အထားများစွာ ကျန်ရှိနေသည့် ဒေသဖြစ်သည်။ ပြည်မြို့သို့ ပြည်တွင်းပြည်ပမှ ရောက်ရှိလာကြသူများသည် သရေခေတ္တရာမြို့ဟောင်း၊ သီရိခေတ္တရာပြတိုက်နှင့် ရွှေဆံတော်စေတီသို့ သွားရောက်လေ့ရှိကြသကဲ့သို့ ပြည်မြို့လမ်းမတော်ရှိ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့သို့လည်း သွားရောက်လေ့လာလေ့ ရှိကြသည်။ အထူးသဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ပုဂံသို့ ရေယာဉ်ဖြင့်သွားကြသည့် ပြည်ပခရီးသည်များသည် ပြည်မြို့တွင် သဘော်ရပ်နားစဉ် ဧည့်လမ်းညွှန်များနှင့်အတူ ယင်းပြတိုက်သို့ သွားရောက်ကြစမြဲ ဖြစ်ပေသည်။**

### မြန်မာ့သမိုင်းထဲမှ ပြည်မြို့

ပြည်မြို့သည် မြန်မာနိုင်ငံ အထက်ပိုင်းမှ အောက်ပိုင်းသို့ စီးဆင်းနေသည့် ဧရာဝတီမြစ်၏ အချက်အချာကျသော နေရာတွင် တည်ရှိနေသဖြင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးတို့တွင် အရေးပါသည့် နေရာတစ်ခု ဖြစ်လာခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ပြည်မြို့နယ် အတွင်း၌ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၁၉၀ ရှိသည့်အနက် သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီး၊ ဘုရားကြီး ၊ ဘုရားမာ၊ ပြည်မြို့ရှိ ရွှေဆံတော်၊ ဆယ်ထပ်ကြီး၊ ရတနာသီးဖြူ၊ ရွှေဘုန်းပွင့်နှင့် ပေါင်းတလည်မြို့ရှိ ပေါင်းတလည် စေတီတို့သည် အထူးထင်ရှားကြသည်။ ယင်းမှတ်တမ်းတွင် ပြည်မြို့နယ်ရှိ သမိုင်းဝင် အဆောက်အအုံ ၁၅ ခုကို ဖော်ပြထားသည်။

### ရွှေဘုန်းပွင့်ပြတိုက် သမိုင်းနောက်ခံ

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်သည် လမ်းမတော်လမ်းပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်၏ အင်္ဂါထောင့်တွင် တည်ရှိသည်။



ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် အဝင်လှေကားရှိ သံအမြောက်နှစ်လက်။

ယင်းစာကြည့် ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် အသင်း အဆောက်အအုံကို လက်ရှိနေရာတွင် ပြည်မြို့မှ ပွဲစားကြီး ဦးသာနှင့် ဒေါ်ဆိုင်တို့က ခရစ်နှစ် ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဆောက်အအုံ ဆောက်လုပ်ပြီးနောက် ပိဋကတ်စာပေနှင့် အခြားစာအုပ်စာတမ်းများကို ထားရှိသဖြင့် ရွှေဘုန်းပွင့် ပိဋကတ်တိုက်ဟု အမည်ပေးခဲ့သည်။ ရွှေဘုန်းပွင့် ပိဋကတ်တိုက်သည် ဒုတိယကမ္ဘာစစ်အတွင်း၌ စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့သဖြင့် မြန်မာသက္ကရာဇ် ၁၃၀၈ ခုနှစ်တွင် ပြည်မြို့ဇာတိ စာရေးဆရာ ဒဂုန်ရွှေမျှား၏ သားဖြစ်သူ ဦးလှဖေက ပြင်ဆင်ခဲ့သည်။ သို့သော် ယင်းအဆောက်အအုံသည်လည်း မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် လောင်ကျွမ်းခဲ့သည့် ပြည်မြို့ မီးဘေးတွင် ပါဝင်သွားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်(၁၉၅၀ ပြည့်နှစ် နိုဝင်ဘာလ ၁၃ ရက်) တွင် ရွှေဘုန်းပွင့် ဘုရားဂေါပကအဖွဲ့နှင့် ဦးကြိုင်တို့ ဦးဆောင်လျက် လူငယ်များ စာဖတ်အသင်းကို ဖွဲ့စည်းခဲ့ရာ ဂေါပကအဖွဲ့က ငွေကျပ် ၁၀၀၀ မတည်ပေးခဲ့သည်။ ယင်းအသင်းကို ရွှေဘုန်းပွင့် စေတီဂေါပကအဖွဲ့က ပေးထားသည့် အခန်းငယ်တွင် ဖျာလေးချပ်၊ ဗီရိုတစ်လုံး ဖြင့် စတင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် သမိုင်းပါမောက္ခ ဂျီအိပ်ချ်လုစ်နှင့် အဖွဲ့သည် သရေခေတ္တရာသို့ လာရောက်ခဲ့ကြရာ ဦးကြိုင်လည်း လိုက်ပါသွားခဲ့သည်။ ဂျီအိပ်ချ်လုစ်က သရေခေတ္တရာ၏ သက်တမ်းကို မြန်မာ့သမိုင်းတွင်ပါရှိသည့် သက်တမ်းအောက် နှစ် ၁၀၀၀ လျှော့ရန် ပြောဆိုမှုကို လက်မခံနိုင်သဖြင့် စာဖတ်အသင်းသည် မြေပေါ်မြေအောက် အထောက်အထားများ ရရှိနိုင်ရန် သရေခေတ္တရာသို့ ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ခဲ့ကာ သရေခေတ္တရာမှ ရရှိခဲ့သည့် ပစ္စည်းများကို အများပြည်သူများအား ပြသရန် စီစဉ်ချိန်တွင် မြို့ခံအချို့က မိမိတို့တွင် ရှိထားသည့် ရှေးဟောင်းပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

ယင်းတို့ကို ပြတိုက်ဖွင့်လှစ်ပြသရန် အလျား ၅၉ ပေ၊ အနံ ၃၅ ပေနှင့် အမြင့် ၁၂ ပေရှိသည့် အဆောက်အအုံကို ဦးလှဖေနှင့် ဒေါ်တင်ညွန့်တို့ မတည်သော ငွေကျပ်တစ်သောင်းနှင့် အများပြည်သူများ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ရာ ကျပ် ၄၅၀၀၀ ကုန်ကျခဲ့သည်။ စာဖတ်အသင်းကို ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းဟု အမည်ပြောင်းခဲ့ကာ ပြတိုက်အဆောက်အအုံကို ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အသင်း တည်ထောင်ခဲ့စဉ်က ပြည်မြို့ပေါ်တွင် အလှူခံပုံးဖြင့် အလှူငွေ စုဆောင်းသကဲ့သို့ စာအုပ်စာတမ်းများကိုလည်း အလှူခံခဲ့သည်။ အသင်းရန်ပုံငွေ တိုးပွားစေရန် ရန်ကုန်မြို့မှ ရုပ်ရှင်မင်းသား မင်းသမီးများကို ဖိတ်ခေါ်၍ စကားရည်လုပွဲများ ကျင်းပခြင်း၊ ဇာတ်ရုံဆောက်ကာ ဇာတ်ပွဲများ ငှားရမ်းခြင်း၊ စားပွဲကုလားထိုင် ပရိဘောဂများ ငှားရမ်းခြင်း၊ နိဗ္ဗာန်ယာဉ် လက်တွန်းလှည်း ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ နိဗ္ဗာန်လှည်း တွန်းရန် ဝန်ထမ်းတစ်ယောက်ခန့်ထားသော်လည်း တစ်ခါတစ်ရံ၌ ဝန်ထမ်းမလာသဖြင့် အသင်းလူကြီးများ ကိုယ်တိုင် နာရေးလှည်းကို တွန်းပေးရခြင်းများ ရှိခဲ့ကြောင်း အသင်းအတွင်းရေးမှူး ဦးဇင်သိန်းက ရှင်းပြခဲ့သည်။

### ပြည်ထောင်စု ငွေပေလွှာ

ရွှေဘုန်းပွင့် ဘုရားကြီးစာကြည့် ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် ထင်ရှားသော စာရေးဆရာကြီး ၅၀ ၏ လက်ရေးမူများ၊ ရဟန်းရှင်လူ စာဆို ၁၃ ဦး၏ ပုံတူ ပန်းချီကားများနှင့် သရေခေတ္တရာမှ စုဆောင်းရရှိထားသည့် ပစ္စည်းများကို ပြသထားရာ ဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ဒင်္ဂါးများ၊ အရိုးအိုးများ၊ ပျူစာပါ အုတ်ချပ်များ အစရှိသည့် ပျူယဉ်ကျေးမှု အထောက်အထား ရုပ်ဝတ္ထုပစ္စည်းများနှင့် ပေစာများ ၊ ပုရပိုက်များ၊ ဆင်စွယ် ကမ္မဝါစာများကို ပြသထားသည်။ ယင်းတို့အနက် ပြည်ထောင်စု ငွေပေလွှာဟု အမည်ပေးထားသည့် ငွေပြားထုပ်များသည် အထူးစိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

ထေရဝါဒ ဗုဒ္ဓဘာသာသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ရေးသားခဲ့ကြသော်လည်း ပျူခေတ်ကတည်းက မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုရှိခဲ့ကြောင်း အထောက်အထားအဖြစ် သရေခေတ္တရာမှ ရွှေပေလွှာများကို တွေ့ရှိခဲ့သည်။

ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံ ကောက်နုတ်ချက်များကို ပျူဘာသာဖြင့် ရေးသားထားသည့် ရွှေပေချပ် ၂၀ ကို ၁၉၂၆ ခုနှစ်က ပျူမြို့ဟောင်း သရေခေတ္တရာ မှော်ဇာရှိ ဦးခင်ဘကုန်းပိုင်ဆိုင်သည့် ယာကွက်အတွင်းရှိ ဌာပနာတိုက်မှ ရရှိခဲ့ကာ ယင်းတို့သည် ခင်ဘကုန်းရွှေပေလွှာများဟု ထင်ရှားခဲ့သည်။

ခင်ဘကုန်းသည် ပျူမြို့ဟောင်း သရေခေတ္တရာ နန်းတော်ရာ၏ အရှေ့တောင်ဘက် ကုလားကန်ကျေးရွာမှ အနောက်တောင်ဘက်သို့ ပေ ၂၀၀ အကွာ သာယာဝတီ တံခါးပေါက်အနီး မြို့ရိုးအတွင်း၌ တည်ရှိသည်။ ကျောက်စာဝန် မစ္စတာ ဒူရွိုင်ဇယ်နှင့် အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းကို ၁၉၂၆ – ၁၉၂၇ ခုနှစ်တွင် တူးဖော်ခဲ့စဉ် ကုန်းအလယ်ရှိ ဌာပနာတိုက်မှ ရွှေပေလွှာ အချပ် ၂၀

**"ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ် ၈၁၁၈ အုပ်ကို ထားရှိသည်။ နေ့စဉ် သတင်းစာ နှစ်စောင်၊ အပတ်စဉ် ဂျာနယ် ၁၇ စောင်နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကိုထားရှိပြီး နေ့စဉ် စာဖတ်သူဦးရေ ၁၀၀ ဝန်းကျင်ရှိသည်။ ပြတိုက်တွင် ကျောက်ခေတ်မှစ၍ ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်း ၁၆၅ မျိုး၊ အရေအတွက် ၆၂၉ ခုကို ပြသထားပြီး သုတေသနပြုလုပ်သူများအား လိုအပ်သောအထောက်အထားများ ကူညီပေးလျက်ရှိရာ မဟာဘွဲ့စာတမ်းရှင် ၃၀ နှင့် ပါရဂူဘွဲ့စာတမ်းရှင်နှစ်ဦးကို ကူညီပံ့ပိုးပေးနိုင်ခဲ့သည်"**

နှင့်အတူ အေဒီခြောက်ရာစု လက်ရာ ဌာပနာတိုက်ဖုံး သဲကျောက်ပြားအကောင်း နှစ်ချပ်၊ သုံးပိုင်းကျိုးနေသော ကျောက်ပြားတစ်ချပ်၊ ဗောဓိပလ္လင်ပုံစံ ငွေခေါင်းပွကြုတ် အပိုင်းတစ်ခုနှင့် ရွှေ၊ ငွေ၊ ကြေး ဗုဒ္ဓဆင်းတုတော်များကို ရရှိခဲ့သည်။

ခင်ဘကုန်း ရွှေပေလွှာများတွင် ရေးသားထားသည့် စာများသည် ပိဋကတ်တော် ကောက်နုတ်ချက်များဖြစ်ကာ အိန္ဒိယနိုင်ငံ ရှေးဟောင်း သုတေသနဌာန နှစ်ချုပ်အစီရင်ခံစာ(၁၉၂၆–၁၉၂၇) တွင်ဖော်ပြခဲ့သည်။

ခင်ဘကုန်း ရွှေပေလွှာတစ်ချပ်စီသည် အလျား ၆ ဒသမ ၅ လက်မ၊ အနံ ၁ ဒသမ ၂၅ လက်မရှိ ကာ ရွှေပေလွှာ အချပ် ၂၀ ကို တစ်ချပ်စီထပ်၍ အပေါ်နှင့် အောက်မှ အရွယ်တူ ရွှေပေလွှာနှစ်ချပ် ညှပ်ကာ ရွှေကြိုးဖြင့် စည်းထားသည်။ အပေါ်အောက် ညှပ်ထားသည့် ရွှေပေချပ်နှစ်ခု အပါအဝင် ရွှေပြား ၂၂ ချပ်၏ အလေးချိန် သည် ၂၃ ကျပ် ၁၄ ပဲ နှင့် ၂ ရွေး ဖြစ်သည်။

ပျူယဉ်ကျေးမှု အထောက်အထား ရွှေပေလွှာများကို ပညာရှင်များက သုတေသန ပြုလုပ်ခဲ့ကြပြီး သုတေသန စာတမ်းများ၊ စာအုပ်များကို ရေးသားခဲ့ကြသည်။

ရွှေပေလွှာတွင် ရေးသားထားသည့် လက်ရေးများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်း တေလဂူကနဒီ အက္ခရာများနှင့် ပုံသွင်တူညီကြောင်း ဆရာကြီး ဦးစိန်မောင်ဦးက မှတ်ချက်ပြုခဲ့ကာ ရွှေပေလွှာများ ရေးသားခဲ့သော ခေတ်ကာလကို ခရစ်နှစ် ၄ ရာစုနှင့် ၅ ရာစုအကြားဟု ခန့်မှန်းသတ်မှတ်နိုင်ကြောင်း သီရိပျံချီ ဦးမြက ရှေးဟောင်းမြန်မာ အက္ခရာစာတမ်းတွင် သုံးသပ်ခဲ့သည်။

ခင်ဘကုန်းတွင် စိုက်ထူထားသော အချက်အလက်များတွင် ရွှေပေလွှာပေါ်၌ ရေးသားထားသော အက္ခရာများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဣက္ခ္သျဝါကု မင်းဆက်သုံး ဗြဟ္မီအက္ခရာမှ ပြောင်းလဲတီထွင်ထားသော ပျူအက္ခရာများဖြစ်ကြောင်း ဖော်ပြထားသည်။

ဆရာမကြီး ဒေါ်သန်းဆွေက "ခင်ဘကုန်း ရွှေပေလွှာများက ခရစ်နှစ် ငါးရာစုက ပျူလူမျိုးများ၏ ဘာသာရေး အမြင်နံ့စပ် ကြွယ်ဝနက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်းကို ဖော်ပြနေသည်" ဟု သုံးသပ်ခဲ့သည်။ ရွှေပေလွှာများတွင် ရေးသားထားသည့် ပါဠိတော်များသည် ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များမှ ကောက်နုတ်ထားခြင်း ဖြစ်သောကြောင့် ပျူလူမျိုးများသည် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် နားလည်သိရှိထားကြောင်း ယူဆနိုင်ပေသည်။ ယင်းအချက်က မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ချိန်မှစ၍ ထေရဝါဒ ပိဋကတ်စာပေများရှိနေကြောင်း ဖော်ညွှန်းလျက် ရှိသည်။

ခင်ဘကုန်း ရွှေပေလွှာများကဲ့သို့ပင် ပိဋကတ်စာ ကောက်နုတ်ချက်များကို ရေးသားထားသည့် မောင်ကန် ရွှေပေလွှာ နှစ်ချပ်နှင့် အခြားရွှေပေလွှာ တစ်ချပ်ကို ၁၉၂၈ ခုနှစ်တွင် သရေခေတ္တရာမှပင် တွေ့ရှိခဲ့သည်။

ပျူခေတ် ဗုဒ္ဓဘာသာဆိုင်ရာ အထောက်အထား တစ်ရပ်ဖြစ်သည့် ခင်ဘကုန်းရွှေပေလွှာတွင် ရေးထိုးထားသည့် စာများကို ပျူအက္ခရာဖြင့် အချပ် ၂၀၊ မြန်မာအက္ခရာဖြင့် အချပ် ၂၀၊ ကရင်အက္ခရာဖြင့် အချပ် ၂၀၊ ရှမ်း အက္ခရာဖြင့် ၃၄ ချပ်၊ မွန်အက္ခရာဖြင့် အချပ် ၄၀ နှင့် မြန်မာ စကားပြေ ပြန်ဆိုထားသည့် အချပ် ၄၀ ကို ငွေပြားများပေါ်တွင် ရေးထိုးခဲ့သည်။ ယင်း ငွေပေ ၁၇၄ ချပ်ကို ပြည်ထောင်စု ငွေပေလွှာများဟု အမည်ပေးလျက် ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသည်။ ယင်းတို့ကို မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (ခရစ်နှစ် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၂ ရက်) တွင် ရွှေဘုန်းပွင့် ပိဋကတ်တော် စင်မြင့်သို့ အခမ်းအနားဖြင့် တင်ထားပူဇော်ခဲ့သည်။

### သမိုင်းဝင်အမြောက်နှစ်လက်

ရွှေဘုန်းပွင့် ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် အဝင်လှေကား တစ်ဖက်တစ်ချက်၌ သံအမြောက်နှစ်လက်ကို မြင်တွေ့ကြရသည်။ ယင်း အမြောက်နှစ်လက်အနက် တောင်ဘက်မှ အမြောက်ကို စစ်ကြိုခေတ်က အင်္ဂလိပ်အရေးပိုင် နေထိုင်ခဲ့သည့် ခြံဝင်းအတွင်းမှ ရရှိခဲ့ကာ မြောက်ဘက်မှအမြောက်ကို ဧရာဝတီမြစ်အတွင်းမှ ဆယ်ယူရရှိခဲ့သည်။

ချုံနွယ်များဖြင့် ပိတ်နေခဲ့သည့် အရေးပိုင်ခြံဝင်း အတွင်းမှ အမြောက်သည် မြေကြီးထဲသို့ မြုပ်နေခဲ့ပြီး မြေပေါ်သို့ တစ်စွန်းတစ်စ ထွက်နေသည့် သံတုံးကြီးတစ်ခု အဖြစ် ရှိနေခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ယင်းသံတုံးကြီးကို

*စာမျက်နှာ ၁၉ သို့*

## (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများရွေးချယ်ပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကယားပြည်နယ် ဓာတ်ပုံအသင်းတို့ ပူးပေါင်းကျင်းပသည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများ ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဓာတ်ပုံပြိုင်ပွဲကို “သွေးချင်းတို့ဌာနေ ကယားမြေ” ခေါင်းစဉ်ဖြင့် ကျင်းပပြီး ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပုံများကို ဇန်နဝါရီ ၉ ရက် နောက်ဆုံးထား၍ လက်ခံခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ဓာတ်ပုံဝါသနာရှင် ၂၈ ဦးရှိ၍ ပုံပေါင်း ၁၁၀ ရှိကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ကယားပြည်နယ်ဓာတ်ပုံအသင်းမှ အတွင်းရေးမှူး ကိုသီဟမိုးသော်က “(၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ မြန်မာတစ်နိုင်ငံလုံး ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခဲ့တာပါ။ ပြည်နယ်အတွင်းမှာ ရိုက်ကူးခဲ့တဲ့ပုံရိပ်ဖြစ်ပြီး အထင်ကရပုံ ဖြစ်ရမယ်။ ကယား ကိုးမျိုးထဲက မည်သည့် တိုင်းရင်းသားတစ်မျိုးမျိုးကို ရိုက်ကူးကြောင်း ဖော်ပြပေးနိုင်ရမယ်။ ဒေသရဲ့ပုံရိပ်ကို ပေါ်လွင်စေဖို့ ဒီပြိုင်ပွဲကို ကျင်းပခြင်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရက ရွေးချယ်ထားတဲ့ သွေးချင်းတို့ဌာနေ ကယားမြေဆိုတဲ့ ခေါင်းစဉ်နဲ့ ယှဉ်ပြိုင်စေပါတယ်။ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်းနဲ့ နှစ်သိမ့်ဆုက သုံးဆုကို ကျပ်တစ်သိန်းစီပေးပါတယ်။ ကယားပြည်နယ်ဓာတ်ပုံအသင်းအနေနဲ့ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီး ကျင်းပတဲ့ ပထမဆုံးအကြိမ် ဓာတ်ပုံပြိုင်ပွဲဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း အစဉ်အလာ တစ်ခုဖြစ်သွားတာပေ့ါ။ ဒါကြောင့် လာမယ့် ၂၀၂၁ ကယားပြည်နယ်နေ့ အထိမ်းအမှတ်ကျရင်လည်း တစ်နိုင်ငံလုံး ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ထပ်မံကျင်းပနိုင်ဖို့ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီး ကြိုးစားသွားမှာပါ။ ဆုပေးပွဲကိုတော့ ဇန်နဝါရီ ၁၃ ရက်မှာ ခရိုင်ပြန်ဆက်ရုံးမှာပဲ ကျင်းပသွားမှာပါ။ ကိုယ့်ဒေသက တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာဓလေ့၊ လှုပ်ရှားမှု၊ ပင်ကိုအလှ၊ နေထိုင်မှုပုံစံတွေ၊ သဘာဝအလှတွေကို တွေ့ရတော့ အားရကျေနပ်မှု ရှိပါတယ်။ ကျွန်တော်တို့ ပြည်နယ်အတွင်းမှာရှိတဲ့ ဓာတ်ပုံဆရာတွေလည်း ဒီလို အနုပညာပြိုင်ပွဲတွေမှာ ထိထိရောက်ရောက်လေး ပါဝင်စေချင်တယ်။ အဲဒါမှလည်း ကျွန်တော်တို့ဒေသရဲ့ ပုံရိပ်တွေကို လူသိများမယ်။ ပြည်တွင်းခရီးသွားလာမှုလည်း ပိုများလာမယ်”ဟု ပြောသည်။

ဆုရွေးချယ်ရာတွင် အမှတ်ပေးဒိုင်များအဖြစ် ဦးစစ်သွေးကျော်(အထက်မြန်မာပြည်ဓာတ်ပုံအသင်း)၊ ဦးထွန်းထွန်း(မိုးသောက်ကြယ်)(အထက်မြန်မာပြည်ဓာတ်ပုံအသင်း)နှင့် ဦးကျော်သန်း(ပွင့်လန်း-ပင်လောင်း)(ရှမ်းပြည်နယ် ဓာတ်ပုံအသင်း)တို့က စိစစ်အမှတ်ပေးခဲ့ကြပြီး ပဏာမအဖြစ် ပထမဆုကို ကိုစိုင်းသူ(တောင်ကြီး)၊ ဒုတိယဆုကို ကိုရဲမျိုးဝင်း(ဖောင်တော်ဦးအင်းလေး)နှင့် တတိယဆုကို ကိုကျော်နိုင်လင်း(မန္တလေး)တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## ချောင်းဦးမြို့ သီးနှံစိုက်ခင်းများ၌ တောင်သူများအား နည်းပညာပေး

**ချောင်းဦး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံ ဌာနခွဲမှ ဂျုံ၊ ကုလားပဲနှင့် စပ်မျိုးနေကြာသီးနှံ စိုက်ပျိုးထားရှိရာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား တောင်သူ နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပေါက်အင်းစိုက်ကွင်း အောက်တောစခန်းကွင်း ဧရိယာ၌ ကျင်းပသည်။



စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများသို့ တာဝန်ရှိသူများနှင့် တောင်သူများ လေ့လာကြစဉ်။

တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းရွှေတို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထုတ်လုပ်ရေး၊ နည်းစနစ်လေ့ကျင့် ပညာပေးရေး၊ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းစဉ် သုံးရပ်ဖြင့် လုပ်ဆောင်နေကြောင်း၊ ပေါက်အင်းစိုက်ကွင်းတွင် အဓိက ဂျုံ (ရေဆင်း-၁၁)၊ ကုလားပဲ (ရေဆင်း-၈) နှင့် စပ်မျိုးနေကြာ (ရေဆင်း-၁) ကို စိုက်ပျိုးထားကြောင်း ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမိုးက ပြောသည်။ ဆက်လက်၍ တောင်သူများက သိလိုသည်များကို မေးမြန်းရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့ပြီး ပေါက်အင်းစိုက်ကွင်း အောက်တောစခန်းကွင်း ဧရိယာတွင် စိုက်ပျိုးထားရှိသော ဂျုံ၊ ကုလားပဲနှင့် စပ်မျိုးနေကြာသီးနှံစိုက်ခင်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကျေးရွာများမှ တာဝန်ရှိသူများနှင့် တောင်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**အိအိအောင်(ချောင်းဦး)**

## YBS အထူးယာဉ်မောင်း သင်တန်းသား ၂၀၀၀ ကျော်ရှိလာ

**ရန်ကုန် ဇန်နဝါရီ ၁၃**

YBS အထူးယာဉ်မောင်းသင်တန်းကို အပတ်စဉ် ၂၀ အထိ ဖွင့်လှစ်ခဲ့ပြီး ဖြေဆိုအောင်မြင်သည့် သင်တန်းသား ၂၀၀၀ ကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

အဆိုပါ YBS အထူးယာဉ်မောင်းသင်တန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်မှစ၍ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ဖြေဆိုအောင်မြင်သည့် သင်တန်းသား ၂၀၈၈ ဦးရှိကာ အများစုမှာလည်း YBS ယာဉ်လိုင်းများထဲတွင် တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

YBS အထူးယာဉ်မောင်းသင်တန်းကို ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ပူးပေါင်း၍ ယာဉ်မတော်တဆမှုများ လျှော့ချနိုင်ရန်နှင့် ယာဉ်စည်းကမ်းလိုက်နာနိုင်ရန်အတွက် ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင်သက်တမ်း သုံးနှစ်ရှိသူများပါ လျှောက်ထားနိုင်ကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနဲ့ ပြုလုပ်တဲ့ အထူးစီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မော်တော်ယာဉ် ဥပဒေမှာ ယာဉ်ကြီးတွေ မောင်းနှင်ဖို့အတွက်ကို (င) လုပ်ငန်းလိုင်စင်ရရှိတဲ့ ယာဉ်လုပ်သားတွေ ဖြစ်ရပါမယ်။ အဲဒီတော့ (င) လုပ်ငန်းလိုင်စင်ရရှိဖို့အတွက်က အနည်းဆုံး ယာဉ်မောင်းလိုင်စင်ရရှိပြီး ငါးနှစ်ရှိတဲ့ ယာဉ်မောင်းတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ရန်ကုန်တိုင်းဒေသကြီးမှာ ပြောင်းလဲဖော်ဆောင်တဲ့ YBS စနစ်မှာ အရည်အသွေးပြည့်ဝတဲ့ ယာဉ်မောင်းနှင်သူတွေရရှိရေး အလေးထားဆောင်ရွက်တဲ့ လုပ်ငန်းတစ်ခုပေါ်မှာ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုမှုနဲ့ သီးခြားစီမံတဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့ ယာဉ်မောင်းလိုင်စင်သက်တမ်း လျှော့ချထားသည့်အတွက် စိတ်ပညာစစ်ဆေးခြင်း၊ အမြင်အာရုံ၊ အကြားအာရုံ စစ်ဆေးမှုများပြုလုပ်၍ ထောက်ခံချက်ရရှိပြီးမှသာ YBS အထူးယာဉ်မောင်းသင်တန်းကို တက်ရောက်စေကာ ယာဉ်မောင်းနှင်မှု ဘာသာရပ်၊ အင်ဂျင်နီယာ ဘာသာရပ်၊ ပြည်သူ့နီတိ၊ ကြက်ခြေနီနှင့် မီးဘေးအန္တရာယ်ဘာသာရပ်တို့ကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် YRTA အနေဖြင့် လက်ရှိ ပြေးဆွဲနေသော YBS ယာဉ်လိုင်းများရှိ ယာဉ်မောင်းများ၏ ယာဉ်မောင်းနှင်မှု အချက်အလက်များကို သိရှိနိုင်သည့် ယာဉ်မောင်း Smart Card များ ထုတ်ပေးလျက်ရှိပြီး လက်ရှိတွင် ယာဉ်မောင်း Smart Card ၈၀၀၀ ကျော် ထုတ်ပေးထားကြောင်း သိရသည်။

မထသ စနစ်ကို ရပ်စဲပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ YBS စနစ်ကို ပြောင်းလဲခဲ့သည်။ ယခုအချိန်တွင် ယာဉ်လိုင်းနံပါတ် ၁၀၀ ရှိသည့်အပြင် Airport Shuttle Bus၊ City Transit တို့ဖြင့် လမ်းကြောင်းပေါင်း ၁၃၅ လမ်းကို တစ်နေ့လျှင် ယာဉ်အစီးရေ ၄၅၀၀ ခန့် ပြေးဆွဲနေပြီး ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

## မေတ္တာမြို့၌ ကွမ်းသီးပေါ်ချိန်တွင် အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိ

**မေတ္တာ ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကွမ်းသီးပေါ်ချိန်ကာလတွင် အထွက်နှုန်းနည်းပါးသော်လည်း ဈေးကောင်းရရှိနေကြောင်း၊ ယခင်နှစ်က ကွမ်းသီးပင်တစ်ပင်လျှင် အနည်းဆုံး နှစ်ခိုင် သုံးခိုင်ခန့် ခူးဆွတ်ရပြီး ပိဿာချိန် နှစ်ထောင်နီးပါး ရောင်းချရကြောင်း ခြံပိုင်ရှင်များထံမှ သိရသည်။

လက်ရှိ ကွမ်းသီးပေါ်ချိန်တွင် ပေါက်ဈေးမှာ အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၊ အစိုတစ်လုံးလျှင် ၂၅ ကျပ်ဖြစ်ပြီး ယခင်နှစ်က တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ နှင့် အစိုတစ်လုံးလျှင် ငွေကျပ် ၂၀ ဖြင့် ဝယ်ယူရကြောင်း ကွမ်းသီး ရောင်းဝယ်သူ စောမိုးအယ်က ပြောသည်။ မေတ္တာမြို့သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်လျက်ရှိပြီး ကွမ်းသီးခြံများမှာ မြို့အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ဖောင်းတောကျေးရွာအုပ်စု၊ မြေခံဘော်ကျေးရွာအုပ်စု၊ ကျောက်မဲတောင်ကျေးရွာအုပ်စု၊ ဟိန္ဒားကျေးရွာအုပ်စုများတွင် အများဆုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေကူမြို့၌ သက်ကြီးရွယ်အိုများအား အခမဲ့ဆေးကုသ

**ကချင် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဘိုကုန်းတိုက်နယ်ဆရာဝန် ဒေါက်တာကျော်ဇင်ထွန်းဦးနှင့် သူနာပြုဆရာမများသည် အပတ်စဉ် တနင်္ဂနွေတိုင်းတွင် ကျေးရွာများရှိ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေး၍ ဆေးကုသပေးလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ယမန်နေ့က ငါးဘတ်ကြီးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်တွင် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ကြရာ ငါးဘတ်ကြီး၊ ငါးဘတ်ဝ၊ တော်လှန်၊ ကိုင်းရွာ၊ ဘော်အင်း၊ မိုးစစ်၊ ပေါက်ကုန်းကျေးရွာများနှင့် ငါးဘတ်ကြီး လမ်းခွဲစု၊ ပန်းတင်လမ်းခွဲစုမှ သက်ကြီးရွယ်အိုတို့ကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

*စာမျက်နှာ ၁၈ မှ*

လူတစ်ဦးက တူးဖော်ရာမှ အမြောက်ကြီးပေါ်ထွက်လာခဲ့သဖြင့် ပိဋကတ်တိုက်သို့လှည်းဖြင့် သယ်ယူ၍ ပြတိုက်အဝ၌ ထားရှိခဲ့သည်။

၁၈၅၂ ခုနှစ် မေလတွင် မဟာဗန္ဓုလ၏သား သုံးဆယ်ဝန်ကြီး မောင်မောင်ကြီးသည် သာယာဝတီတွင် တပ်စွဲနေပြီး ပြည်မြို့ ဧရာဝတီမြစ်ကမ်းတွင် အမြောက်နှစ်လက်ဖြင့် တပ်ခွဲတစ်ခုထားရှိကာ အင်္ဂလိပ်တို့ရေကြောင်းမှချီလာလျှင် တိုက်ခိုက်နိုင်ရန် ပြင်ဆင်ခဲ့သည်။ ဇူလိုင်လ ၉ ရက်တွင် ပြည်မြို့သို့ အင်္ဂလိပ်တပ်များ ချီလာချိန်တွင် မြန်မာတပ်ခွဲသည် အမြောက်နှစ်လက်ကို စွန့်ကာ ဆုတ်ခွာခဲ့ရပြီးနောက် အင်္ဂလိပ်တို့က ပြည်မြို့ကို သိမ်းယူ၍ မြန်မာ အမြောက်၂၂ လက်ကို ဖျက်ဆီးပြီး ဧရာဝတီမြစ်အတွင်းသို့ ပစ်ချခဲ့သည်။ ယင်းအမြောက်များအနက် ပြန်လည်ရရှိခဲ့သည့် အမြောက်တစ်လက်နှင့် အရေးပိုင်ခြံအတွင်းမှ ရရှိခဲ့သည့် အမြောက်ကို ရွှေဘုန်းပွင့် ဘုရားကြီးစာကြည့် ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် ပြသထားရာ သမိုင်းဝင်ပစ္စည်းများအဖြစ် လေ့လာနိုင်ကြပေသည်။

ရွှေဘုန်းပွင့် ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ် ၈၁၁၈ အုပ်ကို ထားရှိသည်။ နေ့စဉ် သတင်းစာ နှစ်စောင်၊ အပတ်စဉ် ဂျာနယ် ၁၇ စောင်နှင့် လစဉ်ထုတ်မဂ္ဂဇင်းများကို ထားရှိပြီး နေ့စဉ်စာဖတ်သူ ဦးရေ ၁၀၀ ဝန်းကျင်ရှိသည်။

ပြတိုက်တွင် ကျောက်ခေတ်မှစ၍ ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်း ၁၆၅ မျိုး၊ အရေအတွက် ၆၂၉ ခုကို ပြသထားပြီး သုတေသန ပြုလုပ်သူများအား လိုအပ်သော အထောက်အထားများ ကူညီပေးလျက်ရှိရာ မဟာဘွဲ့ စာတမ်းရှင် ၃၀ နှင့် ပါရဂူဘွဲ့ စာတမ်းရှင်နှစ်ဦးကို ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။

သရေခေတ္တရာ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်မြို့ ရွှေဘုန်းပွင့် ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်သို့ ရှေးဟောင်းသုတေသန မျိုးဆက်သစ်များနှင့်အတူ လေ့လာရေး ရောက်ရှိခဲ့ချိန်တွင် ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းကြီး အခွန့်ရှည်စွာ တည်တံ့လျက် ပြတိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကြောင်း ဆုမွန်ပြုခဲ့ပါသည်။ ။

**ကိုးကား**

- ပြည်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)
- ပျူစာ ခင်ဘ ရွှေပေလေ့လာချက် (ဒေါ်သန်းဆွေ)
- ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက် ငွေရတုမဂ္ဂဇင်း(၁၉၇၉)
- ဦးဇင်သိန်းနှင့် တွေ့ဆုံမေးမြန်းမှုများ

# MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များ အရုပ်/အသံအရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံအရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြား ပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက

Menu မှ Channel Search ကို ရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

**Menu ⟶ Channel Search ⟶ Auto Search ⟶ OK**

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက

Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

**Menu ⟶ Channel ⟶ Tuner Type ⟶ Antenna**

**Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶**

**Start ⟶ OK**

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက်

Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။

**Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK**

၅။ ဖမ်းယူချိန်ညှိပြီးပါကChannel Box တွင် အောက်ပါအစီအစဉ်အတိုင်းChannel များကို ဖမ်းယူရရှိမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (1) | MRTV-HD | (12) | MNTV |
| (2) | MRTV-SD | (13) | Channel-9 |
| (3) | MRTV Hluttaw | (14) | Mizzima |
| (4) | MRTV NRC | (15) | DVB |
| (5) | MRTV Farmer | (16) | Channel K |
| (6) | MRTV Sport | (17) | YTV |
| (7) | MRTV Entertainment | (18) | Fortune |
| (8) | MI | (19) | Myanma Radio |
| (9) | MRTV-4 | (20) | Upper TineyinThar |
| (10) | Channel-7 | (21) | Lower TineyinThar |
| (11) | 5- Plus | | |

၆။ အထက်အပိုဒ် ၅ ပါ ဒီဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

## မူဆယ်နယ်စပ်တွင် ကျွဲ၊ နွားများ ရောင်းဝယ်မှု အေးနေသည့်အတွက် ကုန်သည်များ အခက်ကြုံ

**မူဆယ် ဇန်နဝါရီ ၁၃**

မူဆယ်နယ်စပ်တွင် တရုတ်နှစ်သစ်ကူးနီးပြီဖြစ်သောကြောင့် ကျွဲ၊ နွားရောင်းဝယ်မှု အေးနေသည့်အတွက် ကျွဲ၊ နွားကုန်သည်များ အခက်ကြုံတွေ့နေရကြောင်း သိရသည်။

ကျွဲ၊ နွားအရောင်းအဝယ်သမားများသည် မြန်မာဘက်မှ ကျွဲ၊ နွားများကို ဝယ်ယူစုဆောင်းပြီး ၁၂ ဘီးယာဉ်များဖြင့် တစ်စီးလျှင် ကျွဲနွားအကောင်ရေ ၂၀ မှ ၂၅ ကောင်အထိ တင်ဆောင်ကာ မန္တလေးဘက်မှ မူဆယ်ဘက်သို့ ထွက်ခွာကြကြောင်း၊ မူဆယ်ဘက်သို့ မတက်ခင် ၁၆ မိုင်ဂိတ်နှင့် ရေပူစစ်ဆေးရေးဂိတ်များတွင် စစ်ဆေးမှုများပြုလုပ်ပြီး ထိုမှတစ်ဆင့် ကွတ်ခိုင်မြို့နယ်အတွင်း ပါကြူကျေးရွာအနီး တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ အဆိုပါဌာနမှ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်များနှင့်အတူ ကျွဲ၊ နွားများတွင် နားကပ်များတပ်ဆင်ပေးပြီးမှသာ မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာခွင့်ပေးကြောင်း သိရသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများက ရောက်ရှိလာသည့် ကျွဲ၊ နွားကားများကို စစ်ဆေးမှုများ၊ လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများအားလုံး မှန်ကန်မှု ရှိ မရှိ ဆက်လက်စစ်ဆေးပြီးမှသာ အခွန်ဆောင်ခွင့်ပေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ကျွဲ၊ နွားများ တရုတ်နိုင်ငံဘက်သို့ ဆက်လက်ရောင်းချရန်အတွက် မူဆယ်မြို့နယ်အတွင်းရှိ ကျင်စန်းကျော့လမ်းမဘေးရှိ တောင်ခြေများနှင့် ဟိုနောင်အထက်တုန်ခန်၊ အောက်တုန်ခန်၊ ပန်ဆိုင်း(ကြူကုတ်) အနီး နမ့်တောင်း၊ ခါးလျှန်၊ ပေါင်းရာ၊ လုံခန် စသည့်ကျေးရွာများမှ ခြံပိုင်ရှင် မြေပိုင်ရှင်များထံမှ မြေကွက်များကို ငှားရမ်းပြီး ကျွဲ၊ နွားများကို ထိန်းသိမ်းထားပြီးမှသာ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါကျွဲ၊ နွားအရောင်းအဝယ်သည် ယခုအခါ ကီလိုနှင့် ရောင်းဝယ်ကြပြီး တစ်ကောင်လျှင် အနည်းဆုံး ငွေကျပ် ၁၈ သိန်းမှ ၂၂ သိန်း ဝန်းကျင်အထိ ရရှိသည်။ "ဖြစ်နိုင်ရင် ကျွန်တော်တို့က တရားဝင်လမ်းကြောင်းကလာပြီး သူတို့ဘက်က တရားဝင်လမ်းကြောင်းကနေ တင်ပို့ခွင့်ရရှိကြမယ်ဆိုရင် နွား အရောင်းအဝယ်က ဒီထက်မက အရောင်းအဝယ်သွက်ပြီး ဈေးလည်း ပိုပြီးရရှိကြမယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံအနေနဲ့ MoU လက်မှတ်ရေးထိုးပေးပြီး တင်ပို့ခွင့်ပြုပေး ဖို့အတွက် ကျွန်တော်တို့ ကျွဲ၊ နွားကုန်သည်တွေအနေနဲ့ မျှော်လင့်စောင့်ဆိုင်းနေပါတယ်" ဟု ကုန်သည်တစ်ဦးက လက်ရှိအခြေအနေအား ပြောသည်။

မူဆယ်နယ်စပ်တွင် တရုတ်နှစ်သစ်ကူးလဖြစ်သည့်အတွက် ကျွဲ၊ နွားအရောင်းအဝယ်အေးနေပြီး အရောင်းအဝယ်မဖြစ်သောကြောင့် ကျွဲ၊ နွားကုန်သည်များသည် ကျွဲ၊ နွားများနေထိုင်ရေး ခြံမြေ၊ တောင်ယာများ ငှားရမ်းခ၊ နွားထိန်းသိမ်းခ၊ အလုပ်သမားခ၊ အစာဖိုး၊ ကျွဲ၊ နွား ကျန်းမာရေး၊ ကုန်သည်များ၊ အလုပ်သမားများ စားသုံးစရိတ်စသည်ဖြင့် ကုန်ကျစရိတ်များ ရှိနေသောကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ကျွဲ၊ နွားများကို ပြောင်းဖူးဖတ်၊ ကြံဖတ်၊ ကောက်ရိုး၊ မြက်ခြောက်၊ ဖွဲနုများ ကျွေးမွေးရပြီး နွားတစ်ကောင်၏ ကျွေးမွေးစရိတ်သည်တစ်ရက်လျှင် အနည်းဆုံးငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အထိရှိနေပြီး မူဆယ်မြို့နယ်အတွင်းက နွားခြံ၊ နွားကွင်းများ၌ ကျွဲ၊ နွားအကောင်ရေ ခန့်မှန်း ၃၀၀၀ လောက် ကျန်ရှိနေသေးကြောင်း နွားကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

သန့်ဇင် (မူဆယ်)

## အမျိုးသမီးများ ဖွံ့ဖြိုးရေးကဏ္ဍအတွက် ဖလမ်းမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

**ဖလမ်း ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ချင်းပြည်နယ်ရှိ အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်စေရန်အတွက် ရည်ရွယ်၍ ဖလမ်းမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၁၁ ရက်က ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာခန်းမ၌ ကျေးရွာမှ ဆယ်အိမ်စုမှူးများ၊ အမျိုးသမီးများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော ကဏ္ဍကြီး ငါးရပ်လုပ်ငန်းများအခြေအနေ၊ လုပ်ငန်းအားသာချက်၊ အားနည်းချက်များ၊ ကျေးလက်နေအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ကဏ္ဍများနှင့် အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက ဆွေးနွေးအဖြေရှာပေးခဲ့သည်။

ထို့နောက် ကျေးရွာဒေသခံများက ကျေးရွာအတွင်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်မိခင်နှင့်ကလေးကျန်းမာရေးကဏ္ဍများတွင် သိသိသာသာတိုးတက်လာမှုများကို တင်ပြဆွေးနွေးကြသည်။ ထို့နောက်ကျေးရွာအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

ထို့နောက် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံကြပြီးနောက် ရဲလ်ဇိန်းကျေးရွာနှင့် လုမ်ဘန်းကျေးရွာတို့သို့ ရောက်ရှိကာ ကျေးရွာတွင် ရွေးချယ်ထားသော အမျိုးသမီးဆယ်အိမ်စုမှူးများနှင့်တွေ့ဆုံ၍ လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လဟယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**လဟယ် ဇန်နဝါရီ ၁၃**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အခြေခံပညာ အထက်တန်း ကျောင်း ဇေယျာသီရိကျောင်းဆောင်(၂)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက မြို့နယ်အတွင်း နေထိုင်ကြသည့် မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၅၈ ကတ် ပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူက နာဂဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသား မိဘပြည်သူများနှင့် နိုင်ငံတော်အတွက် အနာဂတ်ကာလမှာ တာဝန်များထမ်းဆောင်ပြီး ခေါင်းဆောင်ဖြစ်လာကြမည့် ကျောင်းသားကျောင်းသူများကို တည်ဆဲ မြန်မာနိုင်ငံဥပဒေနှင့်အညီ စိစစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြု ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မိဘပြည်သူ ၃၁၀ နှင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၃၄၈ ဦးတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင်၊ နာဂဒေသဦးစီးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့သည်။

စနေမောင်(ခန္တီး)

## မြင်းမူမြို့နယ်အတွင်း တီဘီရောဂါရှာဖွေကုသပေး

**မြင်းမူ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန နယ်လှည့်ကွင်းဆင်းတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက မြင်းမူမြို့သို့လာရောက်ကာ တီဘီရောဂါရှာဖွေကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဂါရှာဖွေရေးအဖွဲ့သို့ တီဘီရောဂါဖြစ်နေသူများ၊ တီဘီရောဂါသံသယရှိသူများ ကိုယ်တိုင်လာရောက်၍ ရောဂါစစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်စက်ဖြင့် ရောဂါရှာဖွေခြင်း၊ သလိပ်စစ်ဆေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ရောဂါပိုးတွေ့ရှိသူများကို ဆေးဝါးများ အခမဲ့ပေးအပ်ခြင်းနှင့် ဆက်လက်ကုသရန် လိုအပ်သော တီဘီလူနာများကို မြင်းမူမြို့ရှိ ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း နယ်လှည့်တီဘီရောဂါရှာဖွေရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်သူဆွေ ထံမှ သိရသည်။

အလားတူ နယ်လှည့်တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့သည် မြို့နယ်အတွင်းမှ ဘိုးမင်းကြီးကင်းကျေးရွာ၊ ဂုံညှင်းဆိပ်ကျေးရွာ၊ တောချောင်းဦးကျေးရွာနှင့် ငါးကင်းကျေးရွာတို့သို့ သွားရောက်၍ ဇန်နဝါရီ ၁၇ ရက်အထိ ရောဂါရှာဖွေကုသခြင်းများ ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

# ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။



## ကလေးသူငယ်အလုပ်သမားသည်တရားမဝင်ပါ

မြန်မာနိုင်ငံတွင်ကလေးအလုပ်သမားအတွက်သီးသန့်ဥပဒေမရှိဘဲကလေးအလုပ်သမားနှင့် တိုက်ရိုက်ဆက်နွှယ်နေသော၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ၊ ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ အမျိုးသားပညာရေးဥပဒေ စသည်တို့သာ ရှိပါသည်။

၂၀၁၆ခုနှစ်၊ဆိုင်များနှင့်အလုပ်ဌာနများဥပဒေနှင့် ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေများတွင် အသက်(၁၄)နှစ်အောက်ကလေးများအား အလုပ်မလုပ်ရန်တားမြစ်ထားသော်လည်း ၎င်းဥပဒေများက ကလေးအလုပ်သမား အများအပြားရှိသည်ဟု ယုံကြည်ရသော စိုက်ပျိုးရေးကဏ္ဍနှင့် ပုံမှန်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများတွင်လုပ်ကိုင်နေရသော ကလေးများအတွက် အကျုံးမဝင်ပါ၊



**သက်ဆိုင်ရာအလုပ်သမားဥပဒေများတွင် အလုပ်လုပ်ရန် အနိမ့်ဆုံးရှိရမည့် အသက်ကို (၁၄) နှစ်ဟု ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။**

## အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ



၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် အမှတ် ၁၈၂ အပိုဒ်(၃)ပါ အောက်ပါကဲ့သို့သော အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း လျော့နည်းပပျောက်ရေးအတွက် ဦးစားပေးအနေဖြင့် ချက်ချင်းလုပ်ဆောင်ရမည်-

(က) ပုံစံမျိုးစုံဖြင့်ကျွန်ပြုခိုင်းစေမှု(သို့) အလားတူကျွန်ပြုခိုင်းစေမှု (လူကုန်ကူးရောင်းဝယ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင်းတွင် အသုံးပြုရန်၊ မလုပ်မနေရအဓမ္မစုဆောင်းခြင်း)၊

(ခ) ကလေးသူငယ်များအား ပြည့်တန်ဆာလုပ်ငန်း (သို့) လိင်မှုဆိုင်ရာဖျော်ဖြေမှုများတွင် အသုံးပြုခြင်း၊

(ဂ) တရားဥပဒေနှင့်ဆန့်ကျင်သော မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့် ကုန်ကူးခြင်းတို့တွင် ကလေးကို အသုံးပြုခြင်း၊

(ဃ) ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းဟုဆိုနိုင်သည့် ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး (သို့) ကိုယ်ကျင့်တရားဆိုင်ရာများကို ထိခိုက်ပျက်စီးစေသည့် သဘောသဘာဝ (သို့) အခြေအနေများတွင် လုပ်ကိုင်ရခြင်းတို့ဖြစ်သည်။

လုပ်ငန်းခွင်ဝင်ရန် အနိမ့်ဆုံးအသက်အရွယ်နှင့်စပ်လျဉ်း၍ အိုင်အယ်(လ်)အိုပြဋ္ဌာန်းချက်အမှတ် (၁၃၈) တွင် သာမန်အားဖြင့်မသင်မနေရ ပညာရေးပြီးဆုံးသည့် (၁၅)နှစ်အောက် မငယ်သင့်ဟု ပြဋ္ဌာန်းထားသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖြစ်နိုင်ခြေရှိသောချွင်းချက်မှာအသက် (၁၄)နှစ်ဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံက ၁၉၉၁တွင်အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အပိုဒ်၃၂တွင် အဖွဲ့ဝင်နိုင်ငံများက ကလေးသူငယ်များ၏ အခွင့်အရေးကို အသိအမှတ်ပြု၍ ၎င်းတို့အပေါ် စီးပွားရေးခေါင်းပုံဖြတ်မှုနှင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး (သို့) ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိခိုက်နစ်နာစေသည့် အန္တရာယ်ရှိသောအလုပ်များမှ အကာအကွယ်ပေးရမည်။



# ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ စုပေါင်းအားကစားပြိုင်

**မလှိုင် ဇန်နဝါရီ ၁၃**

မလှိုင်မြို့နယ်လုံးဆိုင်ရာ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး မလှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖြစ်သော ထနောင်းကိုင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောက်တန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရေငံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ရွှေကျင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်း ဖြစ်သည်။

**ဘိုဘို(မလှိုင်)**

# တောင်ငူမြို့၌ အမှိုက်စနစ်တကျစွန့်ပစ်ရေး လှုပ်ရှားမှုပြုလုပ်

**တောင်ငူ ဇန်နဝါရီ ၁၃**

တောင်ငူမြို့နယ်လုံးဆိုင်ရာ လူထုစုပေါင်းအမှိုက်ကောက်ကမ်ပိန်းအား Save The Trees (Taungoo)မှ ဦးဆောင်ကာ တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် ရည်ရွယ်ကာ ယမန်နေ့က တောင်ငူမြို့ မင်းကြီးညိုကြေးရုပ်ရှေ့ ပန်းခြံကွေ့မှစတင်၍ ကျင်းပသည်။



တောင်ငူမြို့၌ စုပေါင်းအမှိုက်ကောက်ပြီး စနစ်တကျစွန့်ပစ်ရေး လှုပ်ရှားမှုပြုလုပ်စဉ်။

အဆိုပါ အမှိုက်ကောက်တေးသရုပ်ဖော်ဆောင်ရာတွင် အမှိုက်နှင့် ပတ်သက်သည့် ဆောင်ပုဒ်ပိုစတာများကိုင်ဆောင်ကာ Save The Trees (Taungoo)က ဦးဆောင်၍ ဇာတ်လမ်းတို တင်ဆက်ခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို တောင်ငူမြို့ အရှေ့ဘက်မုခ်ဦးရှိ မင်းကြီးညိုရုပ်တုတွင် စုရုပ်ပြုလုပ်ကာ ကုန်သည်ကြီးလမ်းမှတစ်ဆင့် ကန်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်အထိ လှည့်လည်ကာ စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မိုးပြတ်ချိန် စောသောကြောင့် ပဲတီစိမ်းအထွက်နှုန်း လျော့နိုင်

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၁၃**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး အောက်ကွင်းကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်းများသည် ယခုနှစ်အပွင့်ပွင့်ချိန်တွင် မိုးအနည်းငယ် ကျရောက်သောကြောင့် အသီးအောင်မြင်စေရန်နှင့် ပိုးမွှားများအန္တရာယ် ကာကွယ်နိုင်စေရေး စိုက်ခင်းများအတွင်း ပိုးသတ်ဆေးနှင့်အပွင့်အားဆေးရော၍ ဆေးဖျန်း ဆောင်ရွက်နေရကြောင်း သိရသည်။

"အခုပွင့်တဲ့အချိန်မှာ ပိုးသတ်ဆေးနဲ့ အပွင့်အားဆေးနှစ်မျိုးရောပြီး ဖျန်းပေးနေတာပါ။ မျက်မြင်အခြေအနေအရ အရင်နှစ်က တစ်ဧက ၁၀ တင်းအထက် ထွက်ပေမယ့် အခုအထွက်နှုန်း လျော့နိုင်ပါတယ်" ဟု ကျိုက္ကော်ကွင်းအတွင်း ပဲတီစိမ်းစိုက်ပျိုးသူဦးသန်းနိုင်ဦးက ပြောသည်။

သထုံမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ဧက ၁၃၀၀၀ ကျော်ရှိကြောင်း၊ တစ်မြို့နယ်လုံး အတိုင်းအတာအရ စိုက်ပျိုးမှု ကောင်းမွန်ကြောင်း၊ ပိုးသတ်ဆေး အသုံးပြုရာတွင် နားလည်သူများနှင့် ပူးပေါင်း၍ ပိုးကျရောက်မည့် အနည်းအများကို မူတည်၍ အချိုးကျ အသုံးပြုစေလိုကြောင်း၊ ပြောင်းလဲလာသည့် ရာသီဥတုကိုလည်း အထူးသတိပြု စိုက်ပျိုးကြစေလိုကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစောခင်ကျော်မြင့်က ပြောသည်။

**ခွန်(ဝင်းပ)**



သထုံမြို့နယ်ရှိ ပဲတီစိမ်းစိုက်ခင်းတစ်ခုအား ဆေးဖျန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# မြန်မာဆေးမားလ်အူးအွန်ဒုန် စတုတ္ထနှစ်ဆောင်ရွက်ခဲ့မှု အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်သော မြန်မာဆေးမားလ်အူးအွန်ဒုန်စီမံကိန်း၏ စတုတ္ထနှစ်ဆောင်ရွက်ခဲ့မှုများအပေါ် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စီမံကိန်းမန်နေဂျာ Mr. Lee Seung Won၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့က စီမံကိန်းကာလ၏ စတုတ္ထနှစ်ရလဒ်များကိုလည်းကောင်း၊အကဲဖြတ်အမှတ်ပေးရာတွင် သတ်မှတ်ထားသောအချက်များနှင့် စီမံကိန်းလွန်ကာလ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအချက်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အကဲဖြတ် သုံးသပ်ရေးအဖွဲ့မှ စီမံကိန်းကျေးရွာအလိုက် အကဲဖြတ်အမှတ်ပေးထားသည့် အချက်အလက်များအား ပြန်လည်စစ်ဆေးခြင်း၊ တိုင်းဒေသကြီး / ပြည်နယ်များမှ စီမံကိန်းခေါင်းဆောင်များ၏ စီမံကိန်းကျေးရွာများ ရေရှည်တည်တံ့ရေးအတွက် အကြံပြုချက်များပေးခြင်း၊ စီမံကိန်းစတုတ္ထနှစ်အတွင်း ကျေးရွာများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေးတို့အတွက် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအပေါ် မူတည်ပြီး အကဲဖြတ်သုံးသပ်ပြီး အမှတ်ပေးခြင်းများ၊ သိလိုသည်များ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# သံတောင်ကြီးမြို့ပေါ်ရပ်ကွက် စားသောက်ဆိုင်များအား စစ်ဆေးအသိပညာပေး

**သံတောင်ကြီး ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သံတောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အစားအသောက်ရောင်းချနေသော ဈေးဆိုင်များအား စစ်ဆေးခြင်း အသိ ပညာပေးခြင်းများကို ယနေ့နံနက်ပိုင်း မှ စတင်၍ ဆောင်ရွက်ကြရာ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်ဇင်သန့်နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေး ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Holy (ပြန်/ဆက်)**

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်းနှင့်** **"အဂ္ဂမဟာ သီရိသုဓမ္မသီဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ** ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**YADANAR SAI KAUNG MYAT KYAW COMPANY LIMITED**
**မြို့တော်ဘီလပ်မြေစက်ရုံ(ပြည်ညောင်) ဝန်ထမ်းမိသားစု**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အဆောက်အအုံဟောင်းလေလံခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်းအ တွင်းနှင့် ဂွမြို့နယ်ရုံးရှိအဆောက် အအုံဟောင်း(၃)လုံးတို့အား လေလံတင်ရောင်းချလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အဆောက်အအုံဟောင်း ပင်မစက်ရုံ (၁)လုံး (၁)အုပ်စု
(အလျား ၁၉၂' x အနံ ၈၀' x အမြင့် ၂၄ ')
(ခ) အဆောက်အအုံဟောင်း သစ်ခွဲသားဂိုဒေါင်(၁)လုံး
(အလျား ၅၀' x အနံ ၃၀' x အမြင့် ၁၆' )
(ဂ) အဆောက်အအုံဟောင်း ဂိုဒေါင် (၁)လုံး
(အလျား ၆၀' x အနံ ၂၀')

၂။ လေလံပုံစံနှင့် လေလံစည်းကမ်းချက်များကို (၁၅-၁-၂၀၂၀)ရက်မှစ၍ ရုံးချိန်အတွင်း စတင်၍ ရောင်းချမည်ဖြစ်ပြီး (၂၄-၁-၂၀၂၀) ရက် ညနေ (၄:၃၀)နာရီနောက်ဆုံးထား၍ လေလံတင်သွင်းရမည်ဖြစ်ပါသည်။ လေလံပုံစံများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ကျားမသောက်ကျေးရွာ၊ စစ်တွေမြို့နှင့် သံတွဲခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သံတွဲမြို့တို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူးရုံး-ဖုန်း-၀၉-၂၅၄၆၈၆၂၆၀၊ ၀၉-၂၅၄၆၈၆၄၅၃နှင့် သံတွဲခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး-ဖုန်း-၀၉-၂၅၄၄၆၅၈၇၅တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၅၃၂ Zong Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၉/မမန(နိုင်)၂၆၆၁၂၄ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းရှိ အဆောင်(၂၅)၊ အခန်း(၂)နှင့် အဆောင်(၄၈)၊ အခန်း(၉)ဟုခေါ်တွင်သော ပွဲရုံအခန်းတို့အား မူလပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ရှိထားသုံးစွဲလျက်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သေးသေး(ခ)ရှုဘီ ၁၄/သပန(ဧည့်)၀၀၀၀၃၂မှ သက်ဆိုင်ရာဌာနတွင် ဆိုင်ခန်းအမည် ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင် စာအုပ်အသစ်တို့အား ထုတ်ယူခွင့်လျှောက်ထားမည်ဖြစ်ရာ အဆိုပါကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးသိန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၀)**
**တိုက်(၂၈)၊ အခန်း(၃၀၆)၊အောင်ဇေယျအိမ်ရာ၊(၂၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၄၂၂၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ အဆောင်(၁၇)၊ အခန်း(၉)ဟုခေါ်တွင်သော ပွဲရုံအခန်းအား မူလပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားသုံးစွဲလျက်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အောင်ကြည်(ခ)ရာရှုဟုန် ၁၄/ ပသန(နိုင်)၁၅၆၁၃၀မှ သက်ဆိုင်ရာဌာနတွင် ဆိုင်ခန်းအမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်အား ထုတ်ယူခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးသိန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၀)**
**တိုက်(၂၈)၊ အခန်း ၃၀၆၊ အောင်ဇေယျအိမ်ရာ**
**(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၄၂၂၅၆**

## မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကိုယ်စားလှယ်ရိပ်သာအဆောက် အအုံ(၈) ခန်းတွဲ (၃)ထပ်(RC)(၁၃၃'x၃၇'+၃၆'၆"x၁၈')တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ (OpenTender)တင်သွင်း ရန်ဖိတ်ခေါ်ခြင်းကို ၁-၁၂-၂၀၁၉ ရက်တွင် မြန်မာ့အလင်း သတင်းစာ၌ ပထမအကြိမ်ထည့်သွင်းကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံးတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ၏ ၁၀-၁-၂၀၂၀ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ တင်ဒါလျှောက်လွှာများရောင်းချခြင်းနှင့် တင်ဒါအဆိုပြုလွှာတင်သွင်း ရမည့်ရက်ကို အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမှု - ၂၃-၁-၂၀၂၀ရက် (၁၆:၃၀)နာရီ ပိတ်သိမ်းမည့်ရက်/အချိန်
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး - ၃-၂-၂၀၂၀ရက်( ၁၆:၃၀)နာရီ တင်သွင်းရမည့်ရက်/အချိန်

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၈၇၅၇၊ ၀၆၃-၂၀၂၈၆၃၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး မကွေးတိုင်းဒေသကြီးလွှတ်တော် ရုံး၏ Website ဖြစ်သော (www.magway parliament.gov.mm)တွင်လည်းဝင် ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အကွက်အမှတ်(၂)၊ နာဇီအနောက်၊ ဦးပိုင်အမှတ်(၇၇-အနက်)မှ မြေချိန်ဧရိယာ ၀ဒသမ ၀၄၁ ဧကအား စက်ရုံစုရပ်ကွက်နေ ဦးအောင်သိန်းမှ ၎င်းမြေနေရာအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်း အထောက်အထားများဖြင့် စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ စစ်တွေခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာ နတွင် ကန့်ကွက်လွှာ လာရောက်တင်နိုင်ကြောင်း၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ် နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ဦးမောင်သန်းဝင်း၏(၂၉-၁၂-၂၀၁၉)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်းနှင့် ပတ်သက်၍ရှင်းလင်းကြေညာခြင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ သတ္တဌာနလမ်းနေ ဦးမောင်သန်းဝင်း ၁၁/စတန (နိုင်)၀၃၄၃၉၀(ဘ)ဦးမောင်စံသာ က စစ်တွေမြို့၊ စက်မှုရပ်ကွက်(ဆတ်ရိုးကျ)၊ အကွက်အမှတ်(၇၂)၊ အီတာလျံကွင်း၊ ကွင်းအမှတ်(၄၆၆)၊ မြေချိန် ၁ဒသမ၈၀ဧက ရှိ ဦးမောင်သန်းဝင်းအမည်ဖြင့် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ(၁၀)နှစ် အငှားဂရန်ရရှိထားသော မြေကွက်ကိုရောင်းချရန် ကျွန်မ ဒေါ်ဦးသိန်းမြအား အထူးကိုယ်စားလှယ်အဖြစ် စစ်တွေမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄/ ၂၀၁၉ဖြင့် (၂၅-၉-၂၀၁၉)ရက်တွင် လွှဲအပ်ခဲ့ပါသည်။

ကျွန်မအနေဖြင့်လည်း ထိုမြေကွက်ကို စစ်တွေမြို့၊ တရားသိစုရပ်ကွက်နေ ဦးအောင်ထိန်လင်း ၁/စတန(နိုင်)၀၆၂၉၅၅ (ဘ)ဦးသာဒိုးအောင်သို့ အဖိုးငွေသိန်း (၁၈၀၀)(ကျပ်သိန်းတစ်ထောင့်ရှစ်ရာတိတိ)ကိုရယူလျက် ၇-၁၁-၂၀၁၉ရက်ကပင် ရောင်းချထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်နှင့် ပတ်သက်၍ ကျွန်မက ဦးအောင်ထိန်လင်းသို့ မှတ်ပုံတင်အရောင်းစာချုပ်ကို ပြုလုပ်ပေးရန် ဆောင်ရွက်နေသည့်အဆင့် တွင်မှ ဦးမောင်သန်းဝင်းက မိမိပြုလုပ်ပေးထားသည့် မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာလာခြင်းဖြစ်ပါသည်။ ကျွန်မအနေဖြင့် ဦးမောင်သန်းဝင်း၏လွှဲအပ်ချက်အတိုင်း အရောင်းပဋိညာဉ်ကို ဦးအောင်ထိန်လင်းနှင့် ပြုလုပ်လျက် အဖိုးငွေကိုရယူထားပြီးဖြစ်သဖြင့် ကျွန်မအား လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းခွင့်မရှိတော့ပါ ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဦးသိန်းမြ(ဘ)ဦးမောင်ထွီးချေ**
**၁၁/စတန(နိုင်)၀၅၆၁၀၄**
**ဝက်ဘာလမ်း၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန e-Government ဆိုင်ရာ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ်(ITCSD-၁၆, ၁၇/၂၀၂၀)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် e-Government လုပ်ငန်းရပ်များအတွက် လိုအပ်သော အောက်ဖော်ပြပါ (Turnkey) လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့် (Turnkey) လုပ်ငန်းများမှာ-
(က) Email Services HA and Backup Service လုပ်ငန်း (Turnkey)
(ခ) Data Center Gateway Expension (Fully Redundancy) ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey)

၃။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ထောက်ပံ့ရေးဌာနစိတ်၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် (၁၄-၁-၂၀၂၀)ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို (၁၄-၂-၂၀၂၀)ရက် (၁၄:၀၀) နာရီ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်-ဖုန်း-၀၆၇-၃၄၀၇၇၅၃ နှင့် e-Government ဌာန၊ ၀၆၇-၃၄၂၂၄၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၇၂၃ Zong Shen 110ယာဉ်လက်ဝယ်ရှိသူ ဒေါ်စီစီငြိမ်း ၉/ပဘန(နိုင်)၁၈၂၈၀၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ် ၁၁/၁၂၊ ငါးလွှာ(B)၊ အကျယ်ပေ (၂၅ x ၅၀)ရှိ မီနီ ကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့်များအားလုံးကို လက်ရှိပိုင်ဆိုင်သူ ဦးဇော်ဇော်နိုင် ၁၄/လပတ(နိုင်)၀၅၁၆၀၉ ထံမှ ဦးအောင်ကျော်ဆန်း ၁၂/ရကန (နိုင်)၀၀၁၃၂၄မှ ဝယ်ယူရန် အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မီနီကွန်ဒိုတိုက်ခန်း အ ရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဆန်း**
**၀၉-၄၂၃၈၇၆၂၄၇**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့နယ်၊ ပါရမီ(၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၄၀၈)နေ ဒေါ်ခင်မို့မို့ငြိမ်း ၆/မမန(နိုင်)၁၁၄၄၆၅၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဒေါ်ခင်မို့မို့ငြိမ်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံ(မြို့သစ်)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေကွက်အမှတ် -၆၁၀၊ ဒေါ်ဝေဝေမြင့် အမည်ပေါက်ဖြင့် ထွက်ရှိထားသော ပေ(၄၀x၆၀)အကျယ်အဝန်းရှိ မြေကွက်အား ဒေါ်မိုးသီတာ(ဘ) ဦးမောင်ကြီး ၆/မအရ(နိုင်)၀၄၄၉၄၆ အမှတ်(၃၄၁/က)၊ မိုးကုတ်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံ(မြို့သစ်)မြို့နယ်နေသူထံမှ ကာလပေါက်ဈေး (၃၈၅)သိန်း(သုံးရာရှစ်ဆယ့်ငါးသိန်းကျပ်တိတိ)ဖြင့် ၁-၅-၂၀၁၆တွင် ဆက်စပ်စာချုပ်အသီးသီးဖြင့် ဝယ်ယူပြီး လက်ရောက်ရယူခဲ့ပါသည်။ ထို့ကြောင့် အဆိုပါခြံမြေသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မို့မို့ငြိမ်း တစ်ဦးတည်းသာပိုင်ဆိုင်ခွင့်ရှိသောခြံဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Daw Winn Phyo Phyo Aye**
**Lawyer (LL.B)(No.44006)**
**Ph.No.09-773994791**
**Higher Grade Pleader**

## ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ ဘော်ပြင်းရွာ အထက(ခွဲ)အဋ္ဌမတန်းမှ မနှင်းဝေဝေစိုး၊ တတိယတန်းမှ မမေမြတ်စိုးတို့၏ဖခင် အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၁၆၅၄၆ အရ ဦးနေလင်းထွန်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/7840 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

## အမည်ပြောင်း

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံ အရှေ့ပိုင်းရပ်ကွက်နေ ဦးရှိန်းမင်းထွေး နှင့်ဒေါ်မေမြတ်သူတို့၏သား မောင်စိုင်းဝေယံဖြိုးအား မောင်ရှိန်းဝေယံဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိန်းဝေယံဖြိုး**

## မွေးသက္ကရာဇ်အမှန်

သထုံမြို့၊ သုဓမ္မဝတီမြို့သစ်နေ ဦးခဲဝေ၏သား ဦးခင်မောင်ထွန်း ၁၀/သထန(နိုင်)၀၄၉၃၁၃၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၄-၁၉၆၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)ဖီးဖီး ဒေါ်မာရီနာ ဒွန်း(ခ)ဒေါ်နန်းနီ အသက်(၈၈)နှစ် နာရေးကြော်ငြာတွင် ၁၂-၁-၂၀၂၀ရက်(အင်္ဂါနေ့) အစား **၁၂-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စည်ပင်အုပ်စု၊ ဖားအင်းကျေးရွာနေ ဦးသန်းလေး(ခ)ဦးလှသန်း ၇/သဝတ(နိုင်)၀၁၁၄၅၄ ၏သမီး မချိုရည်အေး ၇/သဝတ(နိုင်)၁၁၇၁၆၀နှင့် မချိုရီအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မချိုရည်အေး(ခ)မချိုရီအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သဲဖြူကျေးရွာနေ မောင်ဇင်ဝင်းထွဋ်၊ မောင်လွင်မင်းကိုတို့၏ဖခင် ဦးဇော်နိုင်မြင့် ၇/သဝတ(နိုင်) ၀၉၅၃၅၇ နှင့် ဦးမင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဇော်နိုင်မြင့်(ခ)ဦးမင်းဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၂၇၄၈၅၊ Honda Wave 100(M/C) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၁၄/ပသန (နိုင်) ၂၆၄၀၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

FDP BANK

# အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၂၀ ဖြင့် လူပုဂ္ဂိုလ်ဆိုင်ရာ အမြင့်ဆုံး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များ ဖြစ်ကြသည့် **"အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို EXCELLENT FORTUNE DEVELOPMENT GROUP (EFD GROUP)နှင့် EXCELLENT FORTUNE FOUNDATION (EFF FOUNDATION) တို့၏ Chairman & Founder **ဦးစိုင်းမျိုးဝင်း**နှင့် **"အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့ကို ဇနီး **ဒေါ်နန်းခင်မြင့်ရီ** Senior Vice Chairman & Co-Founder တို့အား **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သော သာသနာပြု ဇနီးမောင်နှံ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

FARMERS DEVELOPMENT PUBLIC BANK
(FDP BANK)
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ



MPT
ရှေ့သို့လှမ်းရှိမြန်မာပြည်
ဆုတွေဖူးရှယ် 2020
ပရိုမိုးရှင်းကာလ – ၂၀၁၉ ဒီဇင်ဘာလ (၂၀) ရက်နေ့ မှ ၂၀၂၀ ဇန်နဝါရီလ (၂၀) ရက်နေ့အထိ
Toyota Rush Brand New
ကားသစ်ကြီး(၂)ဆု
ကျပ်သိန်း (၂၀) ဆု
(၅) ဆု
ရွှေ (၂) ကျပ်သားဆု
(၅) ဆု
အပတ်စဉ် 20GB
အခမဲ့ အသုံးပြုခွင့် (၁)နှစ်စာ (၈) ဆု
20GB 20GB 20GB 20GB 20GB
Data GB ဆုကြီးပေါင်း ၂၀၀၀ ကျော်ကိုလည်း ကံစမ်းခွင့် ရရှိမည်ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106
call free
24 hours everyday

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးအောင်မြင့်
## (Founder & Director ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ [ဦးရွှေပု(ပါဝါအလှကုန်)-ဒေါ်စွမ်တီ]တို့၏သား၊ [ဦးရှင်(ရွှေဟသ်ာမန္တလေးဖိနပ်ဆိုင်)-ဒေါ်မုန်း]တို့၏သားသမက် ၊ ဒေါ်ကြည်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းနိုင် (Managing Director,Shwe Pyi Nann Co.,Ltd၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)-မြန်မာနိုင်ငံအလှကုန်အသင်း၊ ဒုဥက္ကဋ္ဌ-မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း၊ ဒုဥက္ကဋ္ဌ-မြန်မာနိုင်ငံ Bar Code Association)၊ ဦးမျိုးသွင် (Managing Director, Beauty City/Nature Republic၊ ဒုဥက္ကဋ္ဌ-မြန်မာနိုင်ငံအလှကုန်အသင်း၊ EC, ရွှေပါရမီပညာရေးဖောင်ဒေးရှင်း/ Soy Hearts)-ဒေါ်ခိုင်စုမွန် (Nail Diary)၊ ဦးခင်မောင်ဝင်း(ခ)အဆိုတော်ရိုဇန်(Moon House Construction)-ဒေါ်အိမွန်ခိုင်၊ ဒေါက်တာ ကြည်မင်း(စိန်ရွှေပွားအထည်ဆိုင်)-ဒေါ်ဇင်မာ (Shwe Pyi Nann Gems & Jewellery)တို့၏ မွေးသဖခင်၊ မြေး(၉)ယောက်တို့၏အဘိုးသည် ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၁:၁၂နာရီတွင် အာယုနိုင်ငံတကာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်ဝင်း(သာယာဝတီ)
### LL.B
### ဦးစီးအရာရှိ(ငြိမ်း)
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၇၁)နှစ်

သာယာဝတီမြို့နေ (ဦးမောင်လှ-ဒေါ်သိန်းဟံ)တို့၏သား၊ လက်ပံတန်းမြို့နေ (ဦးသောင်း-ဒေါ်ညို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ်(၁၆၂)နေ ဒေါ်သန်းဌေး(ညွှန်ကြားရေးမှူး-ငြိမ်း၊ စည်ပင်သာယာ ရေးဦးစီးဌာန)၏ခင်ပွန်း၊ (ဒေါ်ခင်စန်းမေ)၏မောင်၊ (ဒေါ်ခင်စန်းဝင်း)၊ (ဦးသိန်းထွန်း)-ဒေါ်ခင်အေးအေး၊ (ဦးမောင်မောင်တာ)၊ ဦးတင် စော-ဒေါ်သန်းသန်းဌေး(အထက-၁၊ သာယာဝတီ)တို့၏အစ်ကိုကြီး၊ ဒေါ်ဝေဝေဖြိုး(မန်နေဂျာ၊ ငွေစာရင်းဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းရုံးချုပ်)၊ ဒေါ်တိုးတိုးအောင်(ဒု-ဦးစီးမှူး၊ ရန်ကုန်တိုင်းစည်ပင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ၊ တူမ ၁၂ယောက်တို့၏ဦးလေး ဦးဇော်ဝင်းသည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁:၁၅နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း ဒါယကာကြီး
## ဒေါက်တာ မျိုးသန့်
### ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး(ပုသိမ်)
### အသက်(၅၈)နှစ်

ဝါးခယ်မမြို့နေ (ဦးမောင်တင်-ဒေါ်စန်းတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းနွဲ့တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်အေး-ဒေါ်ရီရီဝင်းတို့၏မောင်၊ ပုသိမ်မြို့နေ ဦးဝင်းကိုကို-ဒေါ်မီမီလှတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၆၂)နေ ဒေါက်တာအေးအေးမိုး(မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ တောင်ဥက္ကလာပမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်မြတ်နိုး ဦး(Final Part II UM I)၊ မခင်ငြိမ်းချမ်းခင် ( 2nd MB UM I)တို့၏ချစ်လှစွာသောဖခင် ဒေါက်တာမျိုးသန့်သည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် ရန်ကုန်မြို့၊ ခုတင်-၅၀၀ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက် ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ခင်စန်း(မြိတ်) အသက်(၈၈)နှစ်
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ် အသင်းဝင်အမှတ်(၁၉၁၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၄၊ အခန်း ၃၊ လေးလွှာ နေ ဦးမြတ်စော၏ဇနီးသည် ၁၁-၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

# သစ်တောသစ်ပင် ဒို့ချစ်ခင်
# နှစ်စဉ်စိုက်ပျိုး အလှတိုး

## ဦးမောင်အုန်း
### (အကောက်ခွန်-ငြိမ်း)
### လက်ထောက်ညွှန်ကြားရေးမှူး
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၃)ရပ်ကွက်၊ သလ္လာဝတီ ၃လမ်း၊ အမှတ် (၁၂၇၇/က)နေ ဦးမောင်အုန်းသည် ၁၂-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့)ည ၈:၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၂၀ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါ သည်။

**မောင်တောမြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်ခင်မြင့်စိုး(မလေး)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ငွေစာရင်း)
### B.Com(CPA)(၁၉၇၈)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း-ဒေါ်တင်ညွန့်)တို့၏သမီး၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၃၄၊ ငါးလွှာ၊ ဝဲ)နေ (ဦးသန်းအေး)၏ဇနီး၊ (ဦးမောင်မောင်သိုက်)-ဒေါ်ခင်ကြည်စိုး (NAD -ငြိမ်း)၊ ဦးကျော်စိုး(ဆ-သ-ရ-ငြိမ်း)-ဒေါ်တင်တင်ရွှေ(ဆသရ၊ ငွေစာရင်း)၊ ဦးလှစိုး(ပတခ-ငြိမ်း)-ဒေါ်စန်းစန်းဝင်း (DICA-ငြိမ်း)တို့၏ညီမ၊ (ဦးစိုးမင်း)-ဒေါ်သီဂီတို့၏အစ်မ၊ မောင်အောင်ခန့် (UNITEAM)၏ အဒေါ် ဒေါ်ခင်မြင့်စိုးသည် ၄-၁-၂၀၂၀ရက် ည ၇:၃၀နာရီတွင် ဂွမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ဂွမြို့ ရဟိုင်ကွင်းသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲရပါကြောင်း
# ဦးဘထူး
### အသက်(၈၇)နှစ်

မိတ္ထီလာအသင်း(ရန်ကုန်)မှအသင်းဝင်ဖြစ်သူ ဦးဘထူးသည် ၁၁-၁-၂၀၂၀ရက် (စနေနေ့) နံနက် ၅:၃၀နာရီတွင် ကွယ် လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **မိတ္ထီလာအသင်း(ရန်ကုန်)**

## ဒေါ်ညွန့်ရီ(ပခုက္ကူ)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောက်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၁၆၀)၊ မီးသတ်ဝန်ထမ်းအိမ်ရာနေ (ဦးမြင့်စိုး )(ကျော င်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး၊ ဒေါ်တင်မာစိုး၊ ဦးသော်ဒါ(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်မော်မော်စိုး(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး)၊ ဒေါ်ဥမ္မာစိုး(အထက-ခွဲ၊ မြို့မ-၃၊ တိုက်ကြီး)၊ (ဦးကိုကိုစိုး)(ရုံပိုင်ကြီး၊ မြန်မာ့မီးရထား)-ဒေါ်ဌေးဌေး၊ ဦးမောင်မောင်စိုး-ဒေါ်စန်းမြင့်ခိုင်(ပခုက္ကူ)၊ဦးမြင့်ဇော်(ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်ဇာနည်စိုး(ဦးစီးအရာရှိ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး)၊ ဦးသာထက်စိုး(ဦးစီးအရာရှိ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပခုက္ကူ)၊ ဦးသူရိန်စိုး(လက်ထောက်မီးသတ်ဦးစီးမှူး၊ တောင်ဥက္ကလာပမြို့နယ်၊ မီးသတ်စခန်း)-ဒေါ်သီသီဌေးဝင်း၊ ဦးစိုးနိုင်(အလယ်တန်းပြ၊ အထက-ခွဲ၊ အတွင်းရေကျော်)-ဒေါ်ခိုင်ဇင်စိုး (အထက်တန်းပြ၊ အထက-ခွဲ၊ အတွင်းရေကျော်)တို့၏မိခင်၊မြေးကိုးယောက်တို့၏အဘွားသည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်မြင့်မြင့်(သုဝဏ္ဏ)
### အသက်(၈၀)

ဒေါ်သန်းသန်းအေး(ဌာနမှူး-စီမံ-ဘဏ္ဍာ)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏ မိခင် ဒေါ်မြင့်မြင့် (သုဝဏ္ဏ)သည် ၉-၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၃:၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးအောင်မြင့်
### Founder & Director (ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ ရွှေပြည်နန်းကုမ္ပဏီလုပ် ငန်းစု၏ Founder & Director ဖြစ်သူ ဦးအောင်မြင့် သည် ၁၃-၁-၂၀၂၀ရက်နံနက် ၁:၁၂နာရီတွင် အာယုနိုင်ငံတကာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Beauty Artist Co.,Ltd. Managing Director နှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးအောင်မြင့်
### Founder & Director
### (ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ ရွှေပြည်နန်းကုမ္ပဏီလုပ် ငန်းစု၏ Founder & Director ဖြစ်သူ ဦးအောင်မြင့် သည် ၁၃-၁-၂၀၂၀ရက်နံနက် ၁:၁၂နာရီတွင် အာယုနိုင်ငံတကာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Shwe Pyi Nann Co.,Ltd.မှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးသန့်(ဆေးရုံအုပ်ကြီး)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၂၊ မန္တလေးလမ်း၊ ကန်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာအေးအေးမိုး၏ ခင်ပွန်း၊ မသက်မြတ်နိုးဦး၊ မခင်ငြိမ်းချမ်းခင်တို့၏ဖခင် ဒေါက်တာမျိုးသန့်(ဆေးရုံအုပ်ကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး)သည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ရန်ကုန်မြို့၊ (ခုတင်-၅၀၀)အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပုသိမ်ပြည်သူ့ဆေးရုံကြီးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးသန့် အသက်(၅၈)နှစ်
### ဆေးရုံအုပ်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့

၁၃-၁-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး**
**ဒေါက်တာသန်းထွန်းအောင်နှင့် ဝန်ထမ်းမိသားစုများ**

### (၁)နှစ်ပြည့်အောက်မေ့ သတိရအမှျပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ထွေးတင် အသက်(၉၃)နှစ်
### သင်္ကန်းပရိက္ခရာနှင့် ပရိဘောဂ ကျုံမငေးမြို့

၁၃.၁.၂၀၁၉နေ့တွင် (၉၃)နှစ်အထိ စိတ်ထားဖြူစင်နွေးထွေးသော မေတ္တာဆုံးမသွန်သင်တာဝန်ကျေပွန်ခဲ့သော မိခင်ကြီးဒေါ်ထွေးတင်သည် ၁၃.၁.၂၀၂၀တွင် (၁)နှစ်ပြည့်ပါပြီ၊ ၁၃.၁.၂၀၂၀နေ့တွင် ကျုံမငေးမြို့နေအိမ်၌ သံဃာတော်များ ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု လှူဒါန်းဖွယ်အစုစုကို လှူဒါန်းအမျှပေးဝေပါသည်။ ရှိစဉ်က လှူဒါန်းခဲ့သော ကုသိုလ်များ၊ ယခုလှူသော ကုသိုလ်များအား မေကြီး ဒေါ်ထွေးတင် အမျှရ၍ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ ----အမျှ ---- အမျှ သာဓု --- သာဓု --- သာဓု

ကျန်ရစ်သူ
သားသမီး၊ မြေး၊ မြစ် မိသားစု
ဦးမောင်မောင် + ဒေါ်ထွေးတင်
သင်္ကန်းပရိက္ခရာနှင့် ပရိဘောဂ ကျုံမငေးမြို့

## ဒေါ်နီနီ(မုံရွာမြို့)
### အသက်(၉၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်၊ အမှတ်(၁)လမ်းနေ (ဦးခင်မောင်ကြီး၊ နိုင်ငံ့ဂုဏ်ရည်-ဒုတိယဆင့်)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုးလွင်)-ဒေါ်မြမြညို၊ (ဦးတိုင်းဝင်း)၊ ဦးကျော်ဝင်း-ဒေါ်ခင်မေအေးတို့၏မိခင်၊ ကိုဟန်ဝင်းနောင်-မချစ်ပွင့်သျှမ်း၊ ကိုသက်ထွန်းအောင်၊ ကိုထက်လင်းနောင်၊ ကိုဝင်းပြည့်မောင်၊ (ကိုစိုးထက်ခေါင်)၊ ကိုဖြိုးထက်အောင်တို့၏ချစ်လှစွာသော အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁-၂၀၂၀ ရက် (တနင်္လာနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် မုံရွာမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအေးမြင့်
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ(ဦးမြသောင်း-ဒေါ်ခင်စော)တို့၏သား၊ဒေါ်မြရှိန်၏ခင်ပွန်း၊ ဒေါ်မိုးမိုးအေး (ရကတ-ငွေ)၊ ဦးသော်ဦးဟန်-ဒေါ်နန်းနန်းထွေး (CKE Co.,Ltd)တို့၏မွေးသဖခင်၊ မောင်ဘုန်းသုခ၊ မသဇင်ဟန်တို့၏အဘိုးသည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၄:၂၇ နာရီတွင် အမှတ်(၃၄၆)၊ကောလိယ(၃၁)လမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့်
### Founder & Director (ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊အင်းလျားမြိုင်လမ်း၊ အမှတ်(၂၈-F)နေ ရွှေပြည်နန်းကုမ္ပဏီလုပ်ငန်းစု၏ Founder & Director ဖြစ်သူ ဦးအောင်မြင့်သည် ၁၃-၁-၂၀၂၀ရက် နံနက်၁:၁၂နာရီတွင် အာယုနိုင်ငံတကာဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Shwe Pyi Nann Gems & Jewellery မှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးလှမောင်
### သံအမတ်ကြီး(ငြိမ်း)(ဗိုလ်မှူးကြီး)
### D.S.A အမှတ်စဉ်(၁၀)
### အသက်(၇၄)နှစ်

အမှတ်(၃၁၄)၊ အင်ကြင်းမြိုင်လမ်း၊ လမ်းသွယ်(၅)သုဝဏ္ဏနေ ဒေါ်သန္တာခင်၏ ခင်ပွန်းဦးလှမောင်သည် ၁၁-၁-၂၀၂၀ ရက်(စနေနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်(၅)ခြေမြန်တပ်ရင်းစစ်သည်တော်ဟောင်းများ**

## ဒေါ်ခင်ဥမ္မာစိုး
### (ဗဟို/သမ)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးစိုးမြင့်)-ဒေါ်ခင်စန်းတို့၏သမီး၊ အမှတ်(၂၂/ဒီ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးတင်မောင်ဖြူ-ဒေါ်ခင်တင့်တို့၏ သမီးချွေးမ၊ ဦးကျော်ဝေထွန်း(Eager Communication Co.,Ltd)-ဒေါ်ခင်သန္တာစိုးတို့၏အစ်မ၊ ဦးဝင်းမောင်ဖြူ(Sule Shangri-La Hotel)-ဒေါ်အေးအေးသွယ်(Towards Ultimate Co.,Ltd)၊ ဒေါက်တာအေးမြဖြူ(သ တ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသင်းမောင်ဖြူ-ဒေါ်ခိုင်သန္တာစိုးတို့၏ညီမ။ မောင်ရဲမိုးလွင်၊ မောင်အောင်မိုးသွင်၊ မောင်မင်းဟိန်းခန့်၊ မောင်ဇွဲဝေယံထူးတို့၏ အဒေါ်၊ ကြီးတော်၊ ဦးလင်းမောင်ဖြူ၏ ချစ်လှစွာသော ဇနီး၊ မောင်ဟိန်းသန့်လင်း၊ မောင်ဟိန်းထက်ညီညီ(အမက-၃၊ ဗဟန်း)တို့၏ချစ်လှစွာသောမိခင်သည် ၁၃-၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ငြိမ်း၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ▼

## ဆီရက်စ်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲအကြို သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၂၀ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်အဖြစ် ယှဉ်ပြိုင်ကစားမည့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့၏ ပွဲကြို သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့ တက်ရောက်သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးအောင်နိုင်က "ဒီပြိုင်ပွဲအတွက် သီးခြားပြင်ဆင်ထားတာ မရှိပါဘူး။ ပြည်တွင်းလိဂ်ပွဲတစ်ပွဲအပြီးမှာ ဒီပွဲကစားရတဲ့အတွက် ထူးထူးခြားခြားပြင်ဆင်ထားတာမရှိပေမယ့် ပြိုင်ဘက်အသင်းရဲ့ ကစားပုံကိုတော့ လေ့လာထားပါတယ်။ ဆီရက်စ်အသင်းက အသင်းကောင်းတစ်သင်းဖြစ်သလို အိမ်ကွင်းကစားပုံ မာကျောတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် သတိထားပြီး ယှဉ်ပြိုင်သွားမှာပါ၊ ဆီရက်စ်အသင်းနဲ့ အရင်ကတွေ့ဆုံတိုင်း ရှုံးပွဲကြုံတွေ့ခဲ့တာကြောင့် ဒီတစ်ကြိမ်မှာ အနိုင်ရဖို့ ကြိုးစားသွားမှာပါ" ဟု ပြောကြားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❄

## အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည့် MNL ယူ-၁၉ လိဂ်ပြိုင်ပွဲ ယနေ့ စတင်မည်



၂၀၁၉ ရာသီ MNL ယူ-၁၉ ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၀ ရာသီ MNL ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီမှစတင်ကာ လူငယ်လိဂ်ပြိုင်ပွဲ ကျင်းပသည့်ပုံစံကို ပြောင်းလဲခဲ့သောကြောင့် ပြိုင်ပွဲဝင်အသင်းအရေအတွက် များပြားလာခြင်းဖြစ်ပြီး မြန်မာလူငယ် ယူ-၁၆ အသင်းအပါအဝင် အသင်းပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MNL နှင့် MNL-2 လိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ လူငယ်အသင်းများအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL -2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❑






### ယနေ့ သတင်းအညွှန်း


တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန် စာ ၈

မီးတောင်ပေါက်ကွဲပြီးနောက် ဖိလစ်ပိုင်လေကြောင်း ခရီးစဉ်များဖျက်သိမ်း စာ ၁၄